# “သွေးရင်းညီအစ်ကို မောင်နှစ်မချင်းဂုဏ်ပြိုင်မှုကင်းဝေးစေခြင်း”
## *SIBLINGS WITHOUT RIVALRY*

**(Adele Faber & Elaine Mazlish)**

“သားသမီးများနားဝင်အောင် မည်သို့ပြောမည်နည်း။ သားသမီးများ၏ ပြောစကားကို မည်သို့နားထောင်မည်နည်း”ဟူသော စာအုပ်ကို ရေးသားစဉ်ကကဲ့သို့ပင် ကျွန်ုပ်တို့အခက်အခဲတွေ့ခဲ့ ကြရပါသည်။ သွေးရင်းညီအစ်ကို မောင်နှစ်မချင်းဂုဏ်ပြိုင်မှု ဟူသော အကြောင်းအရာအတွက် အလှမ်းဝေးနေခဲ့သည်။ ထိုအကြောင်းအရာကို ရေးမှဖြစ်မည်ဟူသော အမှန်တရားကို တဖြည်းဖြည်းသိရှိလာခဲ့သည်။ သွေးရင်းညီအစ်ကို မောင်နှစ်မချင်း ဂုဏ်ပြိုင်မှုကို မှန်ကန်စွာသိရှိရေးအတွက် ယင်းနှင့်သက်ဆိုင်သော သီးခြားစာအုပ်တစ်အုပ် ရေးသားခဲ့ပါသည်။

မည်သည့်မိဘများသည် သွေးရင်းညီအစ်ကို မောင်နှစ်မချင်းဂုဏ်တုဂုဏ်ပြိုင်နေသော ပြဿနာများနှင့် ကြုံတွေ့နေရသည်ကို နိုင်ငံနှင့်အဝှမ်းရှာဖွေဖေါ်ထုတ်၍ တွေ့ဆုံဆွေးနွေးရန် အခွင့်အလမ်းမှာ ကျွန်ုပ်တို့အတွက် သမားရိုးကျလုပ်ငန်းတစ်ခုတော့မဟုတ်ပေ။ ကျွန်ုပ်တို့၏ လက်ထဲတွင် အရေးကြီးသော ခေါင်းစဉ်များရှိကြောင်း မကြာမီသိရှိခဲ့သည်။ ဘယ်နေရာကိုပဲသွားသွား ရောက်လေရာတိုင်းတွင် “သွေးရင်းညီအစ်ကို မောင်နှမချင်းဂုဏ်ပြိုင်မှု” ဟူသောစကားကို နားမဆံ့အောင် ကြားနေရသည်။ ထိုကိစ္စကို ချက်ချင်းပေါက်ကွဲတော့မတတ် အလေးထားပြောဆိုသံများ ကိုကြားရသည်။

“အဲဒီကိစ္စကြောင့် အတော့်ကိုခေါင်းခဲနေရတာပဲ”

“အစကတော့ ဘယ်လိုဖြစ်တယ်မသိဘူး။ သူတို့နှစ်ယောက် တစ်ယောက်က
တစ်ယောက်ကိုသတ်ရင်သတ် ဒါမှမဟုတ် သူတို့နှစ်ယောက်စလုံးကို
သတ်ပြစ်မှ ပဲအေးမယ်”

ထိုပြဿနာသည် အထင်ရှားပျံ့နှံ့လာနေပြီး နက်နဲခက်ခဲမှုလည်းရှိသည်။ သားသမီးများအကြား ဘာတွေဖြစ်ကြသနည်းဟူသော အကြောင်းအရာကို မိဘများနှင့် ဆွေးနွေးကြည့်လေလေ သူတို့၏အိမ်တွင်းရေးတွင် အထက်ပါပြဿနာသည် ပေါက်ကွဲမှုအဆင့်ရောက်လုနီးပါးအရှိန်တက်နေခြင်းကို ကျွန်ုပ်တို့ပိုပြီး သတိထားမိလေလေဖြစ်သည်။ ကလေးနှစ်ဦးသည် မိဘများ၏ ချစ်ခြင်းမေတ္တာနှင့် အလေးပေးမှုကို တစ်ဦးနှင့်တစ်ဦးအပြိုင်အဆိုင် လုနေကြသည်။ ဂုဏ်ပြိုင်နေကြသည်။ ကလေးတစ်ဦးက အခြားညီအစ်ကို မောင်နှမတစ်ဦး၏ အစွမ်းအစများကို မနာလိုဖြစ်သည်။ ကလေးအချင်းချင်း အခြားတစ်ဦး၏ အခွင့်အရေးရမှု၊ ဦးစားပေးခံရမှုကို မခံမရပ်နိုင်ဖြစ်သည်။ သူတို့၏ တစ်ကိုယ်ရည် စိတ်ရှုပ်ထွေးမှုမှာ ထိုမနာလိုမှု မခံမရပ်နိုင်ဖြစ်မှုကို ညီ သို့မဟုတ် ညီမအပေါ်တွင် ဖွင့်ထုတ်ဖြေလျှော့ခြင်းမှလွဲ၍ အခြားသူတစ်ဦးအပေါ် မပေါက်ကွဲရဲခြင်းဖြစ်သည်။ သွေးရင်းညီအစ်ကို မောင်နှမချင်း၏ ဆက်ဆံရေးတွင် နေ့စဉ်ပေါက်ကွဲမှုများ ဖြစ်ပွားရန်တာစူနေသည့် စိတ်ခံစားမှုဆိုင်ရာ အကြိတ်အခဲများ ပါဝင်နေသောကြောင့် မိသားစုများအနေဖြင့် ထိုပြဿနာများကြုံတွေ့ကြရခြင်းကို နားလည်ရန်မခက်ခဲတော့ပါ။

“သွေးရင်းညီအစ်ကိုချင်းဂုဏ်ပြိုင်မှုအစား အခြားပြောစရာအကြောင်း မရှိတော့ဘူးလား။ ထိုကိစ္စသည် မိဘများအတွက်လည်း အလားအလာမကောင်းပါ။ ကလေးများအတွက် ပြုပြင်ရန်နည်းလမ်းမရှိတော့ဘူးလား” စသည်ဖြင့် ကျွန်ုပ်တို့မတွေးတတ်အောင် ဖြစ်ခဲ့ရသည်။

ကျွန်ုပ်တို့ဖတ်ရှုလေ့လာခဲ့သမျှတွင် အချို့သောညီအစ်ကို မောင်နှမများအကြား ပဋိပက္ခအချို့ကို ဖြေရှင်းရန် အသုံးပြုနိုင်သည့် အချက်များရရှိခဲ့သည်။ ၎င်းတို့၏ ပဋိပက္ခများမှသည် ညီအစ်ကိုမောင်နှမများအချင်းချင်း ခေါင်းမာလာကြကာပို၍ ဘက်ကန်လာကြသည်။ အချင်းအချင်းအပြန်အလှန် စကားနိုင်လုရာမှ လိမ်မာပါးနပ်မှုနှင့် ထိခိုက်ခံစားရမှုတို့အကြား ကွာခြားမှုကို သိရှိလာသည်။ နေ့စဉ်တကျက်ကျက်နှင့် မတည့်အတူနေရသောကြောင့် သူတို့ကိုယ်တိုင်မည်သို့ အခိုက်အမာတောင်းဆိုရမည်။ မည်သို့ကာကွယ်ရမည်။ မည်သို့စေ့စပ်ကျေအေးရမည်ကို လေ့လာသိရှိလာသည်။ တစ်ခါတစ်ရံတွင်မူ တစ်ဦး၏ထူးခြားသော စွမ်းရည်ကိုတစ်ဦးက မနာလိုဖြစ်ရာမှ မခံချင်စိတ်ဖြင့် အပြိုင်အဆိုင်ကြိုးစားကာ အောင်မြင်မှုများပင် ရလေ့ရှိသည်။ ယင်းတို့ကား သွေးရင်းညီအစ်ကို မောင်နှမချင်း ဂုဏ်ပြိုင်မှု၏ အကောင်းဆုံးအကျိုးတရားဖြစ်သည်။

အဆိုးဆုံးအကျိုးတရားကား ကလေးတစ်ဦးကိုဖြစ်စေ နှစ်ဦးကိုဖြစ်စေ စိတ်ဓါတ်ကျဆင်းစေပြီး အခန့်မသင့်ပါက ဘဝတလျှောက်လုံး ထာဝရပျက်စီးသွားစေတတ်သည်။ မည်သို့သော ပျက်စီးမှုမျိုးကိုမဆို ကြိုတင်ကာကွယ်ရန်နှင့် ပြန်လည်ပြုပြင်ရန် ရည်ရွယ်ရင်းဖြစ်သောကြောင့် သွေးရင်းညီအစ်ကို မောင်နှစ်မများအကြား အမြဲမပြတ်အပြိုင်အဆိုင်ဖြစ်စေသည့် အကြောင်းတရားများကို ပြန်လည်ဆန်းစစ်ကြည့်ရန် အရေးကြီးသည်ဟု ကျွန်ုပ်တို့သဘောပေါက်မိသည်။

အဆိုပါ ဂုဏ်တုဂုဏ်ပြိုင်မှုများသည် အဘယ်ကစတင်ဖြစ်ပွားပါသနည်း။ ညီအစ်ကိုမောင်နှမအရင်းခံ အချင်းချင်းမနာလို ဝန်တိုမှု၏အရင်းအမြစ်မှာ ကလေးတစ်ဦးချင်းစီ၏ မိဘများထံမှ သီးသန့်ချစ်ခြင်းမေတ္တာကို ရယူလိုသော ပြင်းထန်သည့် ဆန္ဒစတင်ခြင်းကိုမူ ဤနယ်ပယ်တွင် ကျွမ်းကျင်သော ပညာရှင်များက သဘောတူကြလိမ့်မည်ဟု ယူဆပါသည်။ အဘယ်ကြောင့် တစ်ဦးတည်းသာ ရယူပိုင်ဆိုင်လိုသော ဆန္ဒမျိုးဖြစ်ပေါ်ရပါသနည်း။ အကြောင်းမူကား အစားအစာ၊ နားခိုရာနွေးထွေးမှုနှင့် အထူးသီးခြားဖြစ်မှုများစသည့် ကလေးတစ်ဦးအတွက် အသက်ရှင်သန်ဖွံ့ဖြိုးရန် အရာအားလုံးစီးဆင်းလာရာရင်းမြစ်မှာ မိခင်နှင့်ဘခင်တို့ပင် ဖြစ်သောကြောင့်တည်း။

ယင်းသည်ပင် ကလေးငယ်တစ်ဦး စွမ်းရည်ပြည့်ဝစွာကြီးပြင်းရေးနှင့် သူ၏ပတ်ဝန်းကျင်ကို ထိန်းညှိနိုင်စွမ်းဖြည်ဖြည်းချင်း ရရှိရေးအတွက် လိုအပ်သော မိဘမေတ္တာရောင်ခြည်နှင့် အားပေးမှုတို့ပင်ဖြစ်သည်။

အခြားသောညီအစ်ကို မောင်နှမအရင်းများသည် အဘယ်ကြောင့်သူ့အပေါ်တွင် ဩဇာသက်ရောက်မှု မရှိသနည်း။ သူ၏ကောင်းကျိုးချမ်းသာအတွက် မရှိမဖြစ်လိုအပ်သော အရာအားလုံးကို သူတို့ကခြိမ်းခြောက်ဟန့်တားနေသည်ဟု ကလေးငယ်က ယူဆသောကြောင့်ဖြစ်သည်။ မိသားစုတခါင် အပိုကလေးတစ်ဦး သို့မဟုတ် ကလေးငယ်များရှိနေခြင်းသည် ပို၍နည်းပါးခြင်းဟု အဓိပ္ပါယ်သက်ရောက်စေသည်။ မိဘများနှင့်တစ်ဦးတည်းနေခွင့်ရရန် အချိန်ပို၍နည်းပါးသည်။ ထိခိုက်နာကျင်မှုနှင့်စိတ်ဆင်းရဲမှုများကို အလေးပေးရန် အချိန်ပို၍နည်းပါးသည်။ အောင်မြင်မှုများကို အားပေးချီးမြှောက်မှုနည်းပါးလာသည်။ ထိုအရာများထက် ကြောက်မက်ဖွယ်အကောင်းဆုံးအရာမှာကား "အဖေနဲ့အမေတို့က အစ်ကိုတွေ အစ်မတွေကိုသာ ပိုပြီးချစ်တယ်။ သူတို့အတွက်ပဲစိုးရိမ်တယ်။ သူတို့အတွက်ပဲ အလေးထားတယ်ဆိုတော့ သူတို့က ငါ့ထက်ပိုပြီး တန်ဖိုးရှိလို့ပေါ့။ သူတို့က ပိုပြီးတန်ဖိုးရှိတယ်ဆိုတော့ ငါက တန်ဖိုးမရှိဘူးဆိုတဲ့သဘောပေါ့။ ငါဟာတန်ဖိုးမရှိတော့ဘူးဆိုရင် ငါ့အတွက်တကယ့်ဒုက္ခပဲ" ဟူသောအတွေးပင်ဖြစ်သည်။

ကလေးများသည် ပထမဦးစားပေးခံရရန် အကောင်းဆုံးဖြစ်ရန် အပြင်းအထန် ရုန်းကန်ကြသည်မှာ အံ့ဩဖွယ်တော့မဟုတ်ပါချေ။ မိဘများထိပ်တိုက်တွေ့ကြုံရလေ့ရှိသည့် မည်မျှမယုံနိုင်စရာ ကောင်းအောင်ခက်ခဲသည့်အလုပ်ဖြစ်ပါသနည်း။ သားသမီးတစ်ဦးချင်းစီအတွက် ဘေးကင်းလုံခြုံမှုရှိကြောင်း တစ်ဦးချင်းစီကို အလေးထားဆုံးဖြစ်ကြောင်း အမြတ်နိုးဆုံးဖြစ်ကြောင်း သားသမီးတစ်ဦးချင်းစီက ခိုင်မာစွာသဘောပေါက်နားလည်စေမည့် နည်းလမ်းများကို မိဘများကြံဆရန်လိုအပ်သည်။ အတူဝေမျှခြင်းနှင့် ပူးပေါင်းဆောက်ရွက်ခြင်းကြောင့် ရရှိသည့်အကျိုးတရားများကို ပြိုင်ဘက်ညီအစ်ကို မောင်နှမများသိရှိနားလည်လာအောင် ကူညီရန်လိုအပ်သည်။ ရန်ဘက်မွေးချင်းများ အချင်းချင်းတစ်နေ့တွင် အပြန်အလှန်ပျော်ရွှင်ကြည်နူးပြီး အပြန်အလှန်ကူညီစောင့်ရှောက်လာစေသည့် အခြေခံအုတ်မြစ်တစ်ရပ်ကို မိဘများက မည်သည့်နည်းနှင့်မဆို ချမှတ်လုပ်ဆောင်ကြရပေမည်။

## နားလည်လာခြင်း

ကျွန်ုပ်တို့၏ သားသမီးများ၏ "အောက်တန်းကျမှု/အဆင့်အတန်းနိမ့်မှု" ကိုနားလည် သဘောပေါက်ရေးတွင် အထောက်အကူပြုစေရန်အတွက် ကျွန်ုပ်တို့၏ မိဘများဆိုင်ရာ ဆွေးနွေးပွဲတွင် အုပ်စုလိုက်စဉ်းစားဖြေဆိုကြရန် အောက်ပါလေ့ကျင့်ခန်းများကို ပေးခဲ့ပါသည်။ (သင်၏ကိုယ်ပိုင်ယူဆချက်များကိုလည်း ချ၍ရေးမှတ်နိုင်ပါသည်။ သင်သည်အမျိုးသားတစ်ဦးဖြစ်ပါက ဤလေ့ကျင့်ခန်းတစ်ခုလုံးတွင် "ဇနီး" အစား"ခင်ပွန်း"၊ "သူမ" အစား "သူ" ဟုအစားထိုးသွားရန်ဖြစ်သည်။

သင်၏ခင်ပွန်းကိုဖက်လျက် "မိန်းမရေ မင်းကိုငါသိပ်ချစ်ပါတယ်။ မင်းလိုပဲချစ်ဖို့ကောင်းတဲ့ နောက်မိန်းမတစ်ယောက် ငါထပ်ယူဖို့ ဆုံးဖြတ်ပြီးပြီဆိုရင် မင်းသိပ်အံ့ဩသွားလိမ့်မယ်" ဟုပြောမည်ကို စဉ်းစားကြည့်ပါ။

သင်၏တုန့်ပြန်မှု –

နောက်ဆုံးတွင် သင့်ခင်ပွန်း၏ ဇနီးအသစ်ကလေး ရောက်ရှိလာသောအခါ သူမသည် အလွန်ငယ်ရွယ်ချောမောလှပကြောင်း သင်တွေ့ရသည်။ သို့ဖြင့် သင်တို့သုံးဦးသား အတူတကွအပြင်သို့ ထွက်ကြသည်။ လူများက သင့်အား ဟယ်လိုဟု သိမ်မွေ့စွာ နှုတ်ဆက်သည်။ သို့သော် ဇနီးအသစ်ကလေးကို "ချစ်စရာမကောင်းဘူးလား။ ဟယ်လို မိန်းမချောလေး မင်းသိပ်လှတာပဲ" ဟုအမွှန်းတင်ကြသည်။ ပြီးနောက် သင့်ဘက်ကိုလှည့်ပြီး "ရှင့်ခင်ပွန်းရဲ့ ဇနီးသစ်ကလေးကို သဘောကျရဲ့လား" ဟုမေးသည်။

သင်၏တုန့်ပြန်မှု –

ဇနီးသစ်ကလေးတွင် အဝတ်အစားလိုနေသည်။ သင့်ခင်ပွန်းက သင်၏အဝတ်ဘီရိုထဲမှ သင်၏ဆွယ်တာအင်္ကျီနှင့် ဘောင်းဘီများကိုယူ၍ ဇနီးသစ်ကလေးကို ပေးလိုက်သည်။ သင်ကကန့်ကွက်သောအခါ သင်ဝလာကတည်းက သင့်အဝတ်အစားများ သင်နှင့်မတော်တော့ကြောင်း သူမနှင့်ဆိုလျှင် တော်မည်ဖြစ်ကြောင်း သင့်ခင်ပွန်းကပြန်ပြောသည်။

သင်၏တုန့်ပြန်မှု –

ဇနီးသစ်ကလေးသည် လျက်မြန်စွာရင့်ကျက်လာသည်။ တစ်နေ့ထက်တစ်နေ့ပို၍ တော်လာသည်။ ပို၍ကျွမ်းကျင်ကာ အရည်အချင်းပြည့်စုံလာသည်။ တစ်ညနေတွင် သင့်ခင်ပွန်းက သင့်အတွက်ဝယ်ပေးသော ကွန်ပျူတာအသစ်၏ ကိုင်တွယ်ပုံနည်းလမ်းများကို စဉ်းစားရင်း အလုပ်ရှုတ်နေခိုက် သူမက သင့်အခန်းထဲသို့ ဝင်ရောက်လာပြီး "အိုး ကျွန်မသုံးလို့ရမလား ကျွန်မကိုင်တတ်တယ်" ဟုပြောလိုက်သည်။

သင်၏တုန့်ပြန်မှု –

သင်က သုံးခွင့်မပြုသောအခါ သူမက သူ့ခင်ပွန်းထံငိုယို၍ ပြေးသွားသည်။ ခဏကြာသော် ခင်ပွန်းနှင့်အတူ သူမပြန်ဝင်လာသည်။ သူမ၏ မျက်နှာပြင်တွင် မျက်ရည်စက်လက်နှင့်။ ခင်ပွန်းက သူ့ကိုဖက်ထားသည်။ ခင်ပွန်းက သင့်ကို "သူ့ကိုတစ်လှည့်ပေးသုံးလိုက်တာနဲ့ ဘာဖြစ်သွားမှာမို့လဲ။ မင်းကဘာဖြစ်လို့ မျှမသုံးနိုင်ရတာလဲ" ဟုပြောလိုက်သည်။

သင့်တုန့်ပြန်မှု –

တစ်နေ့သင့်ခင်ပွန်းနှင့် ဇနီးသစ်ကလေးတို့ အိပ်ရာထဲတွင် လဲလျောင်းနေသည်ကို သင်တွေ့ရသည်။ သူက သူမကိုကလိထိုးနေပြီး သူမကတခစ်ခစ်ရယ်နေသည်။ ထိုအချိန်တွင် ရုတ်တရက် တယ်လီဖုန်းမြည်လာသည်။ သူက ဖြေလိုက်သည်။ ပြီးနောက် သူက သင့်ကို အရေးကြီးကိစ္စပေါ်လာသဖြင့် သူအပြင်သွားမည်ဖြစ်ကြောင်း ပြောပြသည်။ သင်နှင့်ဇနီးသစ်တို့ အတူနေခဲ့ကြရန်နှင့် သင့်မြတ်စွာနေကြရန် သင့်ကိုမှာခဲ့သည်။

သင့်တုန့်ပြန်မှု –

သင်၏တုန့်ပြန်မှုများတွင် ချစ်ခြင်းမေတ္တာတရား လျော့ပါးနေသည်ကို သင်တွေ့ရှိပါသလား။ ကျွန်ုပ်တို့၏ အုပ်စုဝင်များကတော့ လေးစားထိုက်သော အင်အားမရှိကြောင်း သိမ်ငယ်ခံစားမှု ရက်စက်ကြမ်းကြုတ်မှု အငြိုးထားမှုနှင့် လက်စားချေလိုစိတ်တို့ကို အပြင်ပန်းယဉ်ကျေးမှုများက ဖုံးကွယ်ထားကြောင်းတို့ကို ခပ်မြန်မြန်ပင်ဝန်ခံခဲ့ကြပါသည်။

ဇနီးသစ် သို့မဟုတ် ခင်ပွန်းသစ်ရောက်ရှိခဲ့သည်မှာ တစ်နှစ်ရှိခဲ့ပြီဖြစ်သည်။ သူမ သို့မဟုတ် သူရှိနေခြင်းကို သင်နေသားကျလာရမည့်အစား ပို၍ဆိုးရွားစွာခံစားလာရသည်။ တစ်ခါတစ်ရံ သင်များမှားနေပြီလားဟု တွေးကြည့်မိသည်။ သင်သည် နာကြင်ခံစားမှုများပြည့်သိမ်စွာဖြင့် သင်၏အိပ်ယာ ကုတင်စွန်းတွင်ထိုင်နေစဉ် သင်၏အိမ်စေမလေးက အခန်းထဲသို့ဝင်လာခဲ့သည်။ သင့်ကိုယ်သင်မထိန်းချုပ်နိုင်မှာပင် "ဒီမိန်းမ/ဒီလူကို ဒီအိမ်ထဲမှာ ငါမမြင်ချင်ဘူး။ သူ့ကိုမြင်ရရင် အကုသိုလ်များတယ်။ သူ့ကို မောင်းမထုတ်နိုင်တော့ဘူးလား" ဟုမဆင်မခြင် ဖွင့်ပြောလိုက်သည်။

သင့်ခင်ပွန်းနှင့်ဇနီးသစ်ကလေးတို့က နည်းမျိုးစုံဖြင့် တုန့်ပြန်ကြပါလိမ့်မည်။ အောက်ပါစကားများအတွက် သင်၏တုန့်ပြန်မှုများကို ရေးမှတ်ပါ။

၁။ အဓိပ္ပါယ်မရှိလိုက်တာ။ မင်းတော့ရူးနေပြီ။ မင်းဒီလောက်အဖြစ်သည်းစရာ မလိုဘူး။

သင်၏တုန့်ပြန်မှု –

၂။ မင်းဒီလိုပြောတာ ငါ့ဒေါသကိုဆွနေတာပဲ။ ဒီလိုထင်ရင်လဲ ကိုယ့်ဘာသာကိုယ် မျိုချထား။ ငါတော့မကြားချင်ဘူး။

သင်၏တုန့်ပြန်မှု –

၃။ မဖြစ်နိုင်တာကို လုပ်ခိုင်းမနေနဲ့။ သူ့ကိုငါမခွဲနိုင်မှန်း မင်းသိသားပဲ။ အခုမိသားစုဖြစ်နေကြပြီလေ။

သင်၏တုန့်ပြန်မှု –

၄။ မင်းဘာဖြစ်လို့ တစ်ချိန်လုံး အရွဲ့တိုက်နေတာလဲ။ အဆင်ပြေအောင်နေစမ်းပါ။ အသေးအဖွဲလေးကို ပုံကြီးချဲ့မနေစမ်းပါနဲ့။

သင်၏တုန့်ပြန်မှု –

၅။ ငါ့တစ်ဦးတည်းအတွက် ကြည့်ပြီးနောက်အိမ်ထောင်ပြုတာမဟုတ်ဘူး။ တစ်ခါတစ်လေ မင်းတစ်ယောက်တည်းအထီးကျန်နေတော့အဖော်လိုချင်မလားလို့ပါ။

သင်၏တုန့်ပြန်မှု –

၆။ ကဲပါ မိန်းမရယ် လာစမ်းပါ။ ဒါတွေထားလိုက်ပါတော့။ မင်းအပေါ်ထားတဲ့ ငါ့ခံစားချက်က သူများနဲ့ဘာဆိုင်လို့လဲ။ မင်းတို့နှစ်ဦးစလုံးကို ငါ့နှလုံးသားထဲက အတူတူချစ်တာပါ။

သင်၏တုန့်ပြန်မှု –

အုပ်စုဝင်များက ၎င်းတို့၏တုန့်ပြန်မှုများကြောင့် အံ့အားသင့်သွားကြပြန်သည်။ အချို့က "မိုက်မဲတာပဲ" "အပြစ်ရှိတာပဲ" "မှားတယ်" "ရူးတယ်" "အရှုံးပေးတာ/အနိုင်ကျင့်တာ" "သတ္တိမရှိဘူး" "လက်လျော့တာ" စသည်ဖြင့်ခံစားရကြောင်း ပြောပြသည်။

အုပ်စုထဲမှ တုန့်ပြန်မှုအများစုသည် အမျိုးသမီးများထံမှလာခြင်းဖြစ်ကြောင်း ရုတ်ချည်းသတိပြုမိလိုက်သည်။ သည်တစ်ခါတော့ အမျိုးသားများကို ဦးတည်ပြောလိုက်သည်။ "ကဲ ဇနီးသည်တွေကတော့ သူတို့အလိုရှိတာတွေကို ပြောပြီးပြီ။ ရှင့်ဇနီးက ရှင့်ကို

ဒီမိန်းမကို အိမ်ထဲမှာမမြင်ချင်ဘူး။ သူ့ကိုမြင်ရင် အကုသိုလ်များတယ်။ သူ့ကိုမောင်းမထုတ်နိုင်တော့ဘူးလားလို့ မေးလာရင် သူမဘယ်လိုခံစားနေရတယ်ဆိုတာ ရှင်နားလည်သဘောပေါက်ကြောင်း သူမသိအောင် ရှင်ဘယ်လိုပြောပြမလဲ" ဟုမေးလိုက်သည်။ အချို့က စိုးရိမ်စိတ်များဖြင့် စိုက်ကြည့်နေကြသည်။ နောက်ဆုံးတွင် တစ်ယောက်ကသတ္တိမွေး၍ ရုတ်တရက်ဖြေလိုက်သည်။ "မင်းဒီလိုခံစားခဲ့ရမှန်း ငါမသိလို့ပါကွာ"

သည်တစ်ခါတွင် အမျိုးသမီးများဘက်သို့ လှည့်လိုက်ပြီး "ရှင်တို့ယူတဲ့ ယောကျ်ားနဲ့ပတ်သက်ပြီး ရှင့်ခင်ပွန်းခံစားနေရတာတွေကို ရှင်သဘောပေါက်ကြောင်း သူသိအောင်ရှင်တို့ဘယ်လိုပြောကြမလဲ" ဟုမေးလိုက်ပြန်သည်။ လက်တစ်ဘက်မြောက်တက်လာပြီး "တစ်ချိန်လုံး သူရှိနေတာသိတော့ ရှင်အနေရအထိုင်ရခက်မှာပေါ့လေ" ဟုပြောလိုက်ပါသည်။

ဟန်ဆောင်တတ်ကြသော အရွယ်ရောက်သူ လူကြီးများပင်လျှင် ကျွန်ုပ်တို့၏ မခံမရပ်နိုင်ဖြစ်နေသော ခံစားမှုများအား နားထောင်ပေးမည့် သူတစ်ဦးရှိနေလျှင် မည်မျှစိတ်လက်ပေါ့ပါးတတ်ကြကြောင်း ကျွန်ုပ်တို့သိမြင်နိုင်ကြပါသည်။ ကလေးငယ်များသည်လည်း လူကြီးများနည်းတူပင် ခြားနားမှုမရှိကြပါ။ သူတို့၏ ညီအစ်ကို မောင်နှမအရင်းအချာများနှင့် ပတ်သက်သောသူတို့၏ ခံစားချက်များ ဆန္ဒများကို ပြောပြနိုင်စွမ်းဖွင့်ထုတ်နိုင်စွမ်း ရှိရန်လိုအပ်ပါသည်။

အောက်ပါကာတွန်းဇာတ်လမ်းများတွင် ပါဝင်သောအယူအဆအားလုံးကို ကလေးငယ်များ၊ အနည်းငယ်ကြီးသောကလေးများနှင့် ဆယ်ကျော်သက်များအတွက် မည်သို့လက်တွေ့ကျင့်သုံးနိုင်ကြောင်း တွေ့ရပါလိမ့်မည်။

## သတိပြုရန်

ညီအစ်ကိုမောင်နှမအရင်းများတွင် တစ်ဦးချင်းစီနှင့်ပတ်သက်သော ၎င်းတို့၏ ကိုယ်ပိုင်ယူဆချက် ရှိရန်လိုသည်။
ကလေး – ကျွန်တော်သူ့ကိုသူရိုက်တော့မယ်။ ကျွန်တော့် လျှောစီးဖိနပ်အသစ်ကို ယူစီးတယ်။

ခံစားချက်ကို ခွဲခြားဖော်ပြသောအားဖြင့် " သား ဒေါသထွက်နေတာပေါ့။"
သို့မဟုတ်

ဆန္ဒကိုဖော်ပြသောအားဖြင့် "သားကို ခွင့်တောင်းပြီးမှ စီးစေချင်တယ်ပေါ့"
သို့မဟုတ်

အထိမ်းအမှတ် သို့မဟုတ် တီထွင်မှုကိုဖော်ပြသောစကားဖြင့် "ကိုယ်ပိုင်ပစ္စည်းများဆိုတဲ့ ဆိုင်းဘုတ်ကလေးရေးပြီး အခန်းတံခါးလေးရှေ့မှာထားရန် မကောင်းဘူးလား"

ကလေးများတစ်ဦးနှင့်တစ်ဦး ထိခိုက်နာကျင်စေသော အပြုအမူများကို ရပ်တန့်စေရန် လိုအပ်သည်။ "တော်ကြတော့။ လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ဖို့မဟုတ်ဘူး"

ဒေါသစိတ်ကို မည်သို့လျော့ချရမည်ကို လက်ခံအောင်ပြသခြင်း – "သားဘယ်လောက် စိတ်ဆိုးတယ်ဆိုတာ သူ့ကိုစကားနဲ့ပြောလိုက်ပေါ့။ ဥပမာ ငါ့လျှောစီးဖိနပ်ကို ငါ့ခွင့်ပြုချက်မရှိဘဲ ယူသုံးတာငါမကြိုက်ဘူးလို့ပေါ့"

## မေးခွန်းများ

ခံစားချက်များကို အသိအမှတ်ပြုကြောင်းမေးခွန်းများ ဖြည့်စွက်ထားသော ဤအခန်းကိုလည်း အုပ်စုများစိတ်ဝင်များ စိတ်ဝင်စားကြပြီး သူတို့၏အိမ်တွင်ဖြစ်ပျက်သည်များကို လိုလိုလားလား ဝေမျှကြပါသည်။ ဦးစွာ သူတို့၏မေးခွန်းများမှာ –

**မေး** – ကျွန်တော့်သားကို သူစိတ်ဆိုးရတဲ့အကြောင်းတွေကို ကျွန်တော်ကိုယ်ချင်းစာနားလည်ကြောင်း ပြဖို့ကြိုးစားခဲ့ပါတယ်။ "မင်းအစ်ကိုကို မင်းသဘောမကျမှန်း ဖေဖေသိပါတယ်" လို့တောင်ပြောခဲ့ပါတယ်။ အဲဒီလိုပြောကာမှ သူ့ကိုပိုပြီးဒေါသထွက်အောင် လုပ်သလိုဖြစ်သွားတယ်။ "ဟုတ်တယ် သဘောမကျဘူး" တဲ့။ ကျွန်တော်ဘာများ မှားသွားပါသလဲ။

**ဖြေ** – ကလေးအများစုသည် ၎င်းတို့၏ညီအစ်ကိုမောင်နှမအရင်းများနှင့် ပတ်သက်သည့်ခံစားမှုများ ရောထွေးနေလေ့ရှိသည်။ သူတို့အား မုန်းသည်ဟုအပြောခံရလျှင် စိတ်မသက်မသာဖြစ်ပြီး ရုံဖန်ရံခါမခံချင်စိတ်ဖြစ်လာတတ်သည်။ "သားအစ်ကိုနဲ့ ပတ်သက်ပြီး သားစိတ်နှစ်ခွဖြစ်နေတယ်လို့ ဖေဖေထင်တယ်။ တစ်ခါတရံတော့ သားသူ့ကိုသိပ်သဘောကျတယ်။ ဒါပေမဲ့ တစ်ခါတရံမှာ

တော့ သားကိုစိတ်တိုအောင်လုပ်တယ်လေ" ဟုပြောခြင်းက ပိုပြီးအဆင်ပြေပါလိမ့်မည်။

**မေး** – သူ့အစ်ကိုကိုမုန်းတယ်လို့ သင့်ကိုပြောပြတဲ့ကလေးတစ်ဦးကို သင်ဘယ်လိုပြန်ပြောမလဲ။ ကျွန်ုပ်က "မင်းမုန်းတယ်လို့ပြောတာ ဖေဖေကြားတယ်" ဟု ပြောသောအခါ သူက "ဟုတ်တယ် ကျွန်တော်သူ့ကိုမုန်းတယ်" ပြန်အော် ကျွန်ုပ်က "မင်း သူ့ကိုတကယ်မုန်းတာကိုး" ဟုပြောရာ သူက " ဟုတ်တာပေါ့ သူ့ကိုမုန်းတယ်" ဟုအော်ပြောပြီးသည့်နောက်မှစ၍ ကျွန်ုပ်နှင့်မည်သည့်အခါတွင်မှ အဆင်မပြေတော့ပါ။

**ဖြေ** – သူ့ဒေါသဘီးကို သူ့ဘာသာသူနေသော ကလေးတစ်ဦးအား ဒေါသဘီးရပ်သွားအောင် ကူညီပေးရေးအတွက် သူ၏ခံစားချက်များကို ရှင်းလင်းအောင်ပြန်လည်ဖော်ပြပေးခြင်းဖြင့် ဒေါသဖြေလျော့နိုင်စွမ်းရှိလာစေပါသည်။ အောက်ပါစကားများက ဒေါသကို လျော့ပါးနိုင်ကောင်းပါလိမ့်မည်။

"ဒေးဗစ်ကို သားဘယ်လောက်စိတ်ဆိုးတယ်ဆိုတာ ဖေဖေသိတာပေါ့"
"သားစိတ်တိုအောင် သူတစ်ခုခုလုပ်ခဲ့တာကိုး"
"သူတစ်ခုခုပြောခဲ့တာကြောင့် သားစိတ်မထိန်းနိုင်တာ ဖြစ်ရမယ်"
"သူဘာတွေလုပ်ခဲ့ ပြောခဲ့သလဲဆိုတာ ဖေဖေ့ကိုပြောမယ်မဟုတ်လား"

**မေး** – ဆွေမျိုးများအိမ်သို့ အလည်အပတ်ရောက်လာကြပြီး ကလေးငယ်လေးကို အလေးပေးချော့မြူခြင်းကို ကျွန်ုပ်၅နှစ်သားကလေးက မကျေနပ်ဘဲ စိတ်မကောင်းဖြစ်နေပါသည်။ ထို့နောက် ကလေးလေးကို သူစိတ်ဆိုးပါတော့သည်။ ထိုကိစ္စအတွက် ကျွန်ုပ်မည်သို့ပြုလုပ်နိုင်ပါသနည်း။

**ဖြေ** – အထာပေါက်သော ထိုလူကြီးများကို ကြိုတင်ပိတ်ပင်ထားခြင်းသည် နည်းလမ်းကောင်းတစ်ခုမဖြစ်နိုင်ပါသလော။ ကလေးငယ်စိတ်မကောင်း မဖြစ်မီအချိန်အထိသာ ချော့မြူကြရန် ဆွေမျိုးများနှင့်ဇာတ်တိုက်ထားသင့်သည်။ သင်ကလည်း ကလေးငယ်၏ ခံစားနိုင်ဖွယ်ရှိသော ပြဿနာကိုပွင့်လင်းစွာ ဖော်ထုတ်အားပေးခြင်းဖြင့် သင့်ကလေးငယ်စိတ်မသက်မသာ ခံစားရမှုကို ကာကွယ်ပေးနိုင်ပါသည်။

"သားငယ်ငယ်တုန်းကလည်း ဆွေမျိုးတွေက ဒီလိုပဲလာပြီး ချော့ကြမြူကြတာကို သားသိနေပေမဲ့ အခုလိုညီမလေးကို လူတိုင်းက ချစ်စရာလေးပဲလို့ တဖွဖွပြောနေတာမြင်ရတော့ သားစိတ်မကောင်းဖြစ်မိမှာပေါ့။ ကဲ ဒီတစ်ခါ သူတို့လာပြီး ကလေးမြူကြရင် ဖေဖေ့ကို မျက်စေ့မှိတ်ပြီးအချက်ပြ။ ဖေဖေကလည်း သားစိတ်မကောင်းတာကိုသိတဲ့ သဘောနဲ့ပြန်ပြီး မျက်စိမှိတ်အချက်ပြမယ်။ ဒါတို့သားအဖရဲ့ လျှို့ဝှက်ချက်ပဲ။ ဟုတ်ပြီနော်"

**မေး** – ကျွန်ုပ်၏ဆယ်ကျော်သက်သမီးလေးသည် သူ့မောင်ကလေးနှင့် ပတ်သက်၍အမြဲတန်း ပြဿနာရှာလေ့ အတိုင်းအတောထူလေ့ရှိပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်နားမထောင်နိုင်လောက်အောင်ပင် အတိုင်အတောထူပါသည်။ သူတိုင်ပြောသည့်အခါတိုင်း ကျွန်ုပ်နားထောင်ပေးရမည်လား။

**ဖြေ** – ကျွန်ုပ်တို့တွင် နားထောင်ရန် သည်းမခံနိုင်သော အချိန်များရှိတတ်ပါသည်။ ထိုအခြေအနေမျိုးများကို ကျွန်ုပ်တို့၏သားသမီးများနားလည် သဘောပေါက်ရန် အရေးကြီးပါသည်။ သင်၏သမီးအား "သမီးမောင်လေးကြောင့် သမီးဘယ်လောက်စိတ်ဆင်းရဲနေတယ်ဆိုတာ မေမေသိပါတယ်။ ဒါပေမဲ့ အခုတော့ မေမေနားမထောင်နိုင်သေးဘူး။ ညစာစားပြီးမှတို့တွေ ဒီအကြောင်းကို ထိုင်ပြီးပြောကြတာပေါ့" ဟုရှင်းပြနိုင်ပါသည်။

## ကိုယ်တွေ့ဖြစ်ရပ်များ

ကျွန်ုပ်တို့၏ ဆွေးနွေးပွဲခေါင်းစဉ်တစ်ခန်းနှစ်ခန်းပြီးယုံမျှသာ ရှိသေးသည်။ မိဘများက သဘောတရားကိုလက်တွေ့ ကျင့်သုံးနိုင်ကြခြင်းကို အံ့ဩမိလေ့ရှိပါသည်။ ဤသို့ ကျင့်သုံးရာတွင် မူရင်းသဘောတရားကိုသာမက ဆီလျော်အောင်ပြုပြင်ကျင့်သုံးကြသည်။ အောက်ပါဖြစ်ရပ်များသည် မိဘများကိုယ်တိုင်စာဖြင့်ရေး၍ဖြစ်စေ နှုတ်ဖြင့်ပြောကြား၍ဖြစ်စေ အုပ်စုသို့ပြန်လည်တင်ပြသော ဖြစ်ရပ်မှန်များဖြစ်ပါသည်။

ကျွန်မတွင် ကိုယ်ဝန် ၇လ လွယ်ထားရပါသည်။ မကြာခင်တွင် ကလေးလေးတစ်ယောက်ရတော့မည်ဖြစ်ကြောင်း ကျွန်မ၏ ၅နှစ်သမီးလေး တာရာ (Tara) ကိုပြောပြသောအခါ သူမကဘာမှပြန်မပြောခဲ့ပါ။ သို့သော်လွန်ခဲ့သော သီတင်းပတ်က သူမကကျွန်မ

၏ဝမ်းပိုက်ကို ထိကိုင်ကြည့်ပြီး "ဒီကလေးလေးကို သမီးမုန်းတယ်" ဟုပြောသဖြင့် ကျွန်မတုန်လှုပ်သွားပါသည်။ သို့သော် တစ်ဘက်ကကြည့်လျှင်လည်း သူမထိုသို့ ထုတ်ဖော်ပြောပြခြင်းအတွက်လည်း ကျွန်မဝမ်းသာခဲ့မိပါသည်။ အဘယ်ကြောင့်ဆိုသော် သူမတွင်မခံမရပ်နိုင်သည့် မနာလိုစိတ်ရှိမည်မှန်း ကျွန်မသိနေပြီး ကျွန်မကိုဖွင့်ပြောခြင်းအားဖြင့် သူမအတော်အတန်နေသာ ထိုင်သာရှိသွားလျှင် ကျွန်မကိုသူမ ယုံကြည်သောကြောင့်ဖြစ်ပါသည်။ သို့သော် ကျွန်မဘက်က ကြိုတင်ပြင်ဆင်ထားသည့်တိုင်အောင် ပေါက်ကွဲမည့်အချိန်ကို စောင့်ဆိုင်းနေရသည့် ဗုံးတစ်လုံးနှင့် တူနေပါသည်။

ကျွန်မက "သမီးမေမေ့ကို ပြောပြလို့မေမေသိပ်ဝမ်းသာတယ် တာရာ။ ကလေးလေးမွေးလာရင် သမီးအတွက်မေမေအချိန်မပေးနိုင်မှာကို သမီးစိုးရိမ်နေတယ်မဟုတ်လား" ဟုမေးရာ သူမကခေါင်းညိတ်သည်။ "ကဲ သမီး အဲဒီလိုစိုးရိမ်စိတ်ပေါ်ရင် မေမေ့ကိုလာပြော သမီးအတွက် မေမေအချိန်အများကြီး ပေးမှာပေါ့" ဟုကျွန်မကရှင်းပြလိုက်သည်။

ပေါက်ကွဲမည့်ဗုံးကို စနက်တံဖြုတ်နိုင်ခဲ့ပါသည်။

ထိုအချိန်မှစ၍ ကလေးလေးအကြောင်းကို နောက်ထပ်ကမပြောတော့ပါ။

.........................................................................

ဘခင်တစ်ဦးကလည်း သူ့သမီးက မောင်လေး၏အပေါ်တွင် ရန်လိုနေမှုကို အသိအမှတ်ပြုကြောင်း အရင်းအတိုင်းဖေါက်သည်ချခဲ့ပါသည်။ သူက သမီး၏ "ခံစားချက်ကို စကားလုံးအဖြစ်" အသွင်ပြောင်းရုံသာမက "စကားကိုလည်း စာလုံးအဖြစ်" စာရွက်ပေါ်တွင်ရေးချထားခဲ့သည်။

လွန်ခဲ့သောညက သမီးလေး ဂျေးလ် (Jill) သည် သူမ၏မောင်လေးအကြောင်း မကျေနပ်ချက်များကို ပြင်းပြင်းထန်ထန်တိုင်တန်းခဲ့သည်။ ကျွန်ုပ်သဘောပေါက်ကြောင်း ရှင်းပြရန်ကြိုးစားသော်လည်း သူမကစကားကြီးစကားကျယ်များပြောပြီး အလုပ်ရှုပ်နေသဖြင့် ကျွန်ုပ်ပြောသည်ကို မကြားနိုင်ခဲ့ပါ။ နောက်ဆုံးတွင် ခဲတံတစ်ချောင်းကို ကောက်ယူပြီး သူမပြောသမျှကို ရေးချလိုက်ပါသည်။

၁။ မာ့က် (Mark) ကအပိုဆက်သွယ်ထားသော ဖုန်းကိုကောက်ကိုင်၍ ဂျေးလ်စကားပြောသည်ကို ဖြတ်၍နားထောင်သဖြင့် ဂျေးလ်ကအပြင်းအထန် ကန့်ကွက်သည်။
၂။ ထမင်းစားပွဲတွင် မာ့က်ကအသံမြည်အောင်ဝါးခြင်း ခက်ရင်းကိုသွားဖြင့် ခြစ်ခြင်းတို့ကို ဂျေးလ်အလွန်မုန်းသည်။
၃။ သူမ၏အခန်းတံခါးကို မခေါက်ဘဲ အခန်းထဲသို့ မားက်ဝင်ခွင့်မရှိဟု သူမကယူဆသည်။ သူ့ကိုအခန်းထဲမှ မောင်းထုတ်သောအခါ သူကရယ်ကျဲကျဲ လုပ်နေခြင်းကို အထူးသဖြင့်ကန့်ကွက်သည်။

သူမအသက်ရှူရန် စကားပြောရပ်လိုက်သောအခါတွင် သူမ၏ပြောစကားများကို ကျွန်ုပ်ဖတ်ပြလိုက်သည်။ သူမ၏ပြောစကားများကို ကြားရခြင်းအတွက် သူမစိတ်ဝင်စားလာသည်။ နောက်ထပ်ရှိသေးလားဟုမေးသောအခါ သူမအားစိတ်အနှောင့်အယှက်ဖြစ်စေသည့် အချက်၂ခုကို ပြောပြသဖြင့် ကျွန်ုပ်ကထပ်၍ ရေးချလိုက်ပါသည်။

ပြီးနောက် "မာ့က်လည်း ဒီအချက်တွေကို ဖတ်ထားသင့်တယ်။ ဖေဖေမြင်တာကတော့ လူတစ်ယောက်ကို တစ်ကြိမ်တည်းမှာပဲ စွဲချက် ၅ချက်တင်တာဆိုတော့ မများလွန်းဘူးလား။ သမီးမကြိုက်ဆုံးတစ်ချက် နှစ်ချက်ကိုရွေးပေးနိုင်မလား" ဟုပြောသောအခါ သူမက မှတ်ထားသောအချက်များကို သူမကိုယ်တိုင်ဖတ်ကြည့်လိုက်ပြီး အချက်၂ချက်ကို ဝိုင်းလိုက်ကာ စာရွက်ကိုအိတ်ထဲသို့ ထိုးထည့်သွားပါတော့သည်။

နောက်ပိုင်းဘယ်လိုဖြစ်မည်တော့ ကျွန်ုပ်မသိပါ။ သို့သော် ထိုပြဿနာအေးသွားပြီဟု ကျွန်ုပ်ထင်ပါသည်။

.....................................................................

အထက်ပါ ကျွမ်းကျင်မှုအသစ်များကို လေ့လာရင်းနှင့်အတူ ပေါ်ပေါက်လာသော အခြားပြဿနာတစ်ခုမှာ မိဘများသည် "ခုလုပ်စမ်း" "ခုပြောစမ်း" ဟူသော စကားများကို တစ်ချိန်လုံးသုံး၍ သူတို့ကိုယ်သူတို့ ဝန်လေးခံနေခြင်းဖြစ်သည်။ ကလေးများနှင့် ပတ်သက်၍ ဒုတိယအခွင့်အရေး ရရှိနိုင်ကြောင်း သူတို့လေ့လာတွေ့ရှိသွားသောအခါ စိတ်ချမ်းသာသွားကြသည်။ ဖခင်တစ်ဦးက သူ၏သားငယ်နှင့် ဒေါသဖြစ်စရာ ထိပ်တိုက်တွေတွေ့ဆုံမှုတစ်ခုအား မည်သို့ဦးတည်ချက်ပြောင်းလဲလိုက်ပုံကို အောက်ပါဖြစ်ရပ်တွင် တွေ့ရှိနိုင်ပါသည်။

လစ်ဇ် (၈နှစ်) ၏မွေးနေ့ပွဲက ပေါလ် (၁၁နှစ်) ကိုစိတ်လက်မကြည်မသာနှင့် မနာလိုစိတ်ဖြစ်စေခဲ့သည်။ သူက မည်သည့်နည်းနှင့်မျှ ပါဝင်ဆောင်ရွက်လိုစိတ် မရှိခဲ့ပေ။ မွေးနေ့ပွဲကျင်းပမည့် မြေအောက်ခန်းတွင် ပြန့်ကျဲနေသော ပေါလ်၏ပစ္စည်းများကိုသိမ်းဆည်းရန် သူ့မိခင်က သူ့ကိုပြောသောအခါ သူက "ကျွန်တော့်သေတ္တာကို မထိနဲ့" ဟုပြန်ပြောလိုက်သည်။ ကျွန်ုပ်လည်း စိတ်တိုလာသဖြင့် မင်းတော်တော်ဆိုးလာပြီဟုပြောကာ သူ့အခန်းထဲသို့ချက်ချင်း ဝင်ခိုင်းလိုက်သည်။ သူကအခန်းထဲသို့ ဝင်သွားပြီးတံခါးကို အားကုန်ဆောင့်ပိတ်လိုက်သည်။

သူ့ဒီလောက် ကလေးဆန်လိမ့်မည်ဟု ကျွန်ုပ်မယုံကြည်ခဲ့မိပေ။ တကယ်တော့သူ ၁၁နှစ်သာရှိသေးသည်။ လစ်ဇ်၏ မွေးနေ့အတွက် ရောက်ရက်ခတ်နေခြင်းများ ပြင်ဆင်နေခြင်းများသည် သူ့အသက်အရွယ်အတွက် မခံချင်စိတ် မနာလိုစိတ်ဖြစ်နိုင်သေးသည်ဟု

ကျွန်ုပ်ယူဆမိသည်။ ထို့ကြောင့် သူ့အခန်းထဲသို့လိုက်ဝင်သွားခဲ့သည်။ ကျွန်ုပ်တွင်စာနာစိတ်များပို၍ ပွားများလာခဲ့သည်။

ကျွန်ုပ်က "အင်း တစ်ပတ်လုံးဘာစကားမှ မကြားရဘဲ ပါတီပါတီ ပါတီဆိုတဲ့ စကားကိုပဲကြားနေရတော့ နည်းနည်းတော့ စိတ်ရှုတ်မှာပါလို့ ဖေဖေခင်တယ်။ အထူးသဖြင့် သားရဲ့မွေးနေ့က အဝေးကြီးလိုသေးတာကိုး" ဟုပြောလိုက်သည်။ သူက

"၅ လပဲလိုပါတော့တယ်" ဟုစိတ်ဆိုးမာန်ဆိုး ပြန်ပြောသည်။

"၆ လနဲ့တူပါတယ် သားရဲ့" ဟု ကျွန်ုပ်က ပြောသောအခါ သူက သူ့လက်ကလေးများကိုချိုး၍ "အေပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ စက်တင်ဘာ" ဟုရေတွက်လိုက်ပါသည်။ ကျွန်ုပ်က "ဩဂုတ်လက ဘယ်ရောက်သွားလဲ" ဟုမေးရာ "အိုး သားကဩဂုတ်လကို မေ့သွားတာကိုး။ ဒါဆိုရင်တော့ အဝေးကြီးလိုသေးတာပေါ့" ဟုပြောလိုက်သည်။ ကျွန်ုပ်က "တကယ်လို့ ဩဂုတ်လကို နောက်လနားမှာ သားရွှေ့ထားနိုင်ရင် အခုဆိုရင် သားမွေးနေ့အတွက်ပြင်လို့ရပြီပေါ့" ဟုပြောရာ ထိုနေ့အတွက် သူပထမဦးဆုံးရယ်လိုက်သည်။ ထိုအကြောင်းကို ပင်ခဏမျှ ဆက်ပြောပြီးနောက် ကျွန်ုပ်ပြန်ထွက်လာခဲ့သည်။

အတန်ကြာသော် သူသည် မြေအောက်ခန်းထဲတွင် လေကလေးတရှူးရှူးချွန်လျက် လစ်ဇ်မွေးနေ့အတွက် သန့်ရှင်းရေးလုပ်နေပါတော့သည်။

.....................................................................

နောက်ဆုံးဖြစ်ရပ်မှာ ကျွန်ုပ်တို့၏ဆွေးနွေးပွဲအတွင်း ငြိမ်ငြိမ်လေးထိုင်နေလေ့ရှိသော အမျိုးသမီးကြီးတစ်ဦးက ပြောပြခြင်းဖြစ်သည်။

မယ်လစ်ဇာ (Melissa) (၇နှစ်) သည်သူမ၏ ၃နှစ်သမီးညီမလေးအပေါ်တွင် မနာလိုစိတ်ကလေးဝင်နေသည်။ ညီမလေးသည်သူမအတွက် ရွံမုန်းစရာမဟုတ်ပါ။ ညီမလေးကိုတော့ ရိုက်ပုတ်ခြင်းဘာမှမလုပ်ပါ။ သို့သော် လစ်လျူရှုပြီး ဂရုမစိုက်ခြင်းပင်ဖြစ်သည်။ သို့သော် ထိုကိစ္စနှင့် ပတ်သက်၍ မယ်လစ်ဇာကိုပြောရန် ခက်ခဲလှသည်။ သူမဘာကိုစိတ်ဆင်းရဲနေကြောင်း ပြောရမည့်အရွယ်မဟုတ်ပေ။

ကျွန်ုပ်တို့ဆွေးနွေးပွဲ နောက်ဆုံးပတ်တွင် ညီမကလေးတစ်ရေးအိပ်နေခိုက် မယ်လစ်ဇာကို ဆိုဖာခုံပေါ်တွင် ကျွန်မနှင့်အတူ လာထိုင်ရန် ပြောလိုက်သည်။ သူမကို ကျွန်မဖက်ထားပြီး "မေမေတို့ နှစ်ယောက်တည်းနေရတာ ပျော်စရာကြီးပဲ။ ဘာဖြစ်လို့လဲဆိုတော့ မေမေသမီးနဲ့ စကားမပြောဖြစ်တာ အကြာကြီးဖြစ်နေပြီလေ။ ကလေးအငယ်လေးတစ်ယောက် ထပ်မွေးရတာမလွယ်ပါလားလို့ မေမေစဉ်းစားမိတယ်။ သမီးရဲ့အခန်း သမီးရဲ့ကစားစရာတွေနဲ့ နောက်ဆုံးသမီးရဲ့ မေမေကိုတောင်သမီးသူ့ကို ခွဲပေးရတော့မှာကိုး" ဟုပြောလိုက်ပါသည်။

ရေကာတာကျိုးသည်နှင့် အလားတူစွာပင် သူမ၏စကားတမံကျိုးသွားသည်။ ကျွန်မကြားနေရသည်ကိုပင် မယုံနိုင်တော့ပါ။ သူက သူ့ညီမလေးနှင့် ပတ်သက်ပြီး ကြောက်စရာများကို ပြောပြသည်။ တစ်ခုကောင်းသွားသည်မှာ ထိုအခိုက်တွင် တယ်လီဖုန်းမြည်သံကြားလိုက်ရ၍ဖြစ်သည်။ သို့မဟုတ်လျှင် ကျွန်မမည်မျှဆက်၍ နားထောင်နိုင်မည်ကို မခန့်မှန်းတတ်၍ဖြစ်ပါသည်။

ထိုညက ကလေးများကို ကြည့်ရန်ဝင်သွားသောအခါ မတော်တဆတွေ့ရတော့မည်ဟု ကျွန်မထင်ထားခဲ့သည်။ အထင်နှင့်အမြင်တို့ တက်တက်စင်လွဲခဲ့ပါပြီ။ ကလေးနှစ်ဦးသည် တစ်ဦးကိုတစ်ဦးဖက်ကာ တစ်ခုတင်ထဲတွင် ၂ယောက်သားနှစ်ခြိုက်စွာ အိပ်နေသောကြောင့်ပင်တည်း။

## နှိုင်းယှဉ်မှု၏အန္တရာယ်များ

လူကြီးများ၏ အားပေးလှုံ့ဆော်မှုမပါဘဲ ကလေးသဘာဝအလျောက် ကလေးများကိုယ်တိုင်ကြောင့် ညီအစ်ကိုမောင်နှမအရင်းများ၏ ဆက်ဆံရေးတွင် ပေါ်ပေါက်ရသော ပြင်းထန်သည့်ပြိုင်ဆိုင်သော ခံစားချက်များကို ဆွေးနွေးခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ တတိယအခန်းကို အပြိုင်အဆိုင်ဖြစ်မှုတွင် လူကြီးများဖန်တီးသော မည်သည့်ပယောဂများပါဝင်သည်ဟု ယူဆကြောင်းအုပ်စုကို မေးမြန်းခြင်းဖြင့် စတင်ခဲ့ပါသည်။

တစ်ယောက်က "ကလေးအချင်းချင်းကို နှိုင်းယှဉ်တာပါ" ဟုအော်ပြောလိုက်သည်။ မည်သူမျှ မငြင်းကြပါ။ နှိုင်းယှဉ်ခြင်းကြောင့်အပြိုင်အဆိုင်ဖြစ်မှု အရှိန်မြင့်တက်လာစေကြောင်းကို လူတိုင်းသဘောတူပုံရကြပါသည်။

"ဒီကိစ္စကဆန်းတော့ဆန်းတယ်" ကျွန်ုပ်က အုပ်စုကိုပြောလိုက်သည်။ "ကျွန်ုပ်ရဲ့ကလေးတွေ ငယ်ငယ်တုန်းကပေါ့။ သူတို့အချင်းချင်းကို ဘယ်တော့မှ နှိုင်းယှဉ်မပြောဘူးလို့ ကျွန်မကိုယ်ကျွန်မ သန္နိဋ္ဌာန်ချခဲ့တယ်။ ဒါပေမယ့် ကျွန်မထပ်ကာထပ်ကာနှိုင်းယှဉ်ခဲ့မိတယ်"

အဖွဲ့ဝင်များက ကျွန်မကို တအံ့တဩကြည့်ကြသည်။ "နှိုင်းယှဉ်တဲ့စကားတွေ ကျွန်မပါးစပ်က ထွက်လာတာကို ကျွန်မကြားရတော့ ဒီစကားတွေကို ငါပြောတာမှဟုတ်ရဲ့လားလို့ အံ့အားသင့်ခဲ့မိတယ်" ကျွန်မ ဆက်ပြောလိုက်သည်။

"နောက်တော့ ဘယ်ကဘယ်လိုစဖြစ်တာလဲလို့ ကျွန်မစဉ်းစားကြည့်မိတယ်။ ကျွန်မဒေါသထွက်လာတဲ့အခါမှာ သူတို့တွေကို

နှိုင်းယှဉ်ခဲ့မိတယ်။ (မင်းဟာ မိသားစုက အမြဲတန်းစောင့်နေရအောင် လုပ်တဲ့ကလေးပဲ။ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ။ မင်းအစ်ကိုကြီး ဆိုရင် ကားပေါ်ရောက်နေတာ ၁၀မိနစ်ရှိသွားပြီ) ကျွန်မသိပ်ပျော်လွန်းရင်လဲ သူတို့တွေကို နှိုင်းယှဉ်မိပြန်ပါတယ်။ (တော်လိုက်တာ ကွာ မင်းအစ်ကိုကတော့ ဒါကလေးကိုတွက်တာများ တစ်နာရီလောက်ကြာတယ်။ ငါ့သားကလေးကတော့ နှစ်မိနစ်နဲ့ပြီးတယ်ဟော့။) အဲဒီ ကိစ္စတစ်ခုချင်းဟာ ပြဿနာကိုဦးတည်နေတာပါပဲ။

"ဒီပုံစံ ဒီအချိုးကို ကျွန်မကဒီလိုပြင်ပါတယ်။ ကလေးတစ်ဦးကို အခြားတစ်ဦးနဲ့ နှိုင်းယှဉ်ချင်စိတ် ပေါက်လာရင် "တော်ပြီ မနှိုင်းယှဉ်နဲ့" လို့ကိုယ့်ကိုယ်ကို ပြောလိုက်ပါတယ်။ ရင်တို့ပြောချင်တာကို သက်ဆိုင်တဲ့ကလေးကို တိုက်ရိုက်ပြောနိုင်ပါတယ်။ အခြား ကလေးနဲ့ မနှိုင်းယှဉ်ပါနဲ့။ အဓိက စကားလုံးကတော့ ဖော်ပြခြင်းပဲဖြစ်ပါတယ်။ မြင်တာကို မြင်တဲ့အတိုင်း ဖော်ပြပါ။ ကြိုက်တာကို ကြိုက်တဲ့အတိုင်း ဖော်ပြပါ။ မကြိုက်တာကို မကြိုက်တဲ့အတိုင်း ဖော်ပြပါ။ ပြီးစီးအောင်လုပ်ရမဲ့အရာကို ပြီးစီးရမယ့်အခြေအနေအတိုင်း ဖော်ပြပါ။ အရေးကြီးတာကတော့ ကလေးတစ်ဦးရဲ့ အပြုအမူဟာ အဲဒီကလေးနဲ့ပဲ သက်ဆိုင်နေဖို့ပါပဲ။ သူ့ရဲ့အစ်ကို လုပ်တာ မလုပ် တာဟာ သူနဲ့မပတ်သက်ပါဘူး"။

အောက်ပါနမူနာများကို ရှင်းပြခြင်းဖြင့် လက်တွေ့တွင်ခြားနားသော အချက်များကို အုပ်စုကသိမြင်နိုင်ပေသည်။

မျက်မှောင်ကြုတ်သူအချို့ကို တွေ့လိုက်ရသောအခါ နောက်ခေါင်းစဉ်တစ်ခုကို ပြောင်းရန်အကြောင်းဖြစ်လာခဲ့သည်။

"ကျွန်မတို့ဟာ ပြိုင်ဆိုင်တဲ့လူ့အဖွဲ့အစည်းထဲမှာ နေကြတာပါ။ ကလေးတစ်ယောက် ပြင်ပလောကကြီးထဲမှာ ကိုယ်ပိုင်ရည် မှန်းချက်နဲ့ ဆုပ်ကိုင်ရပ်တည်နိုင်အောင် ကြိုတင်ပြင်ဆင်ပေးတဲ့ အနေနဲ့ သူ့ရဲ့နေအိမ်မှာ ပြိုင်ဆိုင်မှု မလိုအပ်ဘူးလား"။

"ကိုယ်ပိုင်ရပ်တည်နိုင်ခြင်း ဆိုတာဟာ ကျွမ်းကျင်ခိုင်မာစွာနဲ့ ရည်မှန်းချက်များကို အောင်မြင်အောင်လုပ်ဆောင်နိုင်စွမ်းလို့ အဓိပ္ပာယ်ဖွင့်ဆိုရန် အဲဒီစွမ်းရည်အားလုံးကို ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်တတ်တဲ့ ဝန်းကျင်တစ်ခုထဲမှာပဲ သင်ယူရရှိနိုင် ပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်တတ်တဲ့ ဝန်းကျင်မှာမွေးမြူကြီးပြင်းလာရတဲ့ ကျွန်မအတွက် အကောင်းဆုံးအပိုင်းကတော့ ကိုယ့် ကိုယ်ကို ယုံကြည်မှုရှိခြင်းနဲ့ တစ်ပါးသူတွေအပေါ် ပိုမိုလေးစားခြင်းပါပဲ"။

"ဒါပေမဲ့ ပြိုင်ဆိုင်မှုနဲ့ ပတ်သက်လို့နောက်ထပ်ပြောစရာ ရှိပါသေးလား"။

"ရှိသေးတာပေါ့။ ဒီအချက်ကတော့ အောင်မြင်မှုအတွက်လုံလှုံ့ဆော်ပေးတာပါပဲ။ ဒါပေမယ့် အဲဒီလှုံ့ဆော်မှုဟာ တန်ဖိုးတစ်ခု ကိုတိုက်ခိုက် ရယူတာပဲ။ ကျောင်းတွေနဲ့ စီးပွားရေးလောကက လူတွေကိုလေ့လာကြည့်တဲ့အခါ ယှဉ်ပြိုင်မှုတွေ ပြင်းထန်လာရင် လူတွေ ရဲ့ရုပ်လက္ခဏာတွေလည်း ပြောင်းလဲလာတာကို တွေ့ရတယ်။ ပူပန်သောကတွေလည်း ပိုများလာတယ်။ သံသယစိတ်တွေပိုပြီး ပွားလာ တယ်။ ရန်လိုစိတ်တွေလည်း ပိုများလာကြပါတယ်။ ကျွန်မတို့ နေအိမ်တွေမှာ ဒီဖိစီးမှုတွေက ကင်းဝေးကြပါစေ။"

"သို့သော်လည်း ကလေးတစ်ယောက်က သူစွမ်းဆောင်နိုင်ခဲ့တဲ့ ထူးခြားချက်တစ်ခုကို အခြားသူတွေကလည်း ရပ်ပြီးနားထောင် နေတဲ့အချိန်မှာ ရှင့်ကိုပြောပြရင် ရှင်ဘယ်လိုလုပ်ပါ့မလဲ"

"ဒါဟာ အထိအကိုင်မခံတဲ့ကိစ္စ အထအနကောက်လွယ်တဲ့ ကိစ္စပါ။ သူမရဲ့အောင်မြင်မှုကြောင့် စိတ်ဓါတ်တက်ကြွနေတဲ့ က လေးကို ကျွန်မတို့ စိတ်မပျက်စေချင်ပါဘူး။ ဒါပေမဲ့ တခြားလူတွေရဲ့ခံစားမှုတွေကိုလည်း အလေးထားချင်ကြပါတယ်။ ကလေးငယ် ခံစားနိုင်ကောင်းတယ် ဆိုတဲ့အရာကို ထုတ်ဖော်ပြောပြခြင်းဟာ ဘယ်တော့မှ မမှားနိုင်တဲ့နည်းလမ်းပါ။ (ဒါကသမီး ပျော်ကိုပျော်ရမယ့် အောင်မြင်မှုပဲ) ဒါမှမဟုတ် ကလေးငယ်ဘာကို ပြီးစီးအောင်မြင်ခဲ့သလဲ ဆိုတာလဲပြောနိုင်ပါတယ်။ ( ဖွဲ့ရှိရှိနဲ့ ကြိုးစားလေ့ကျင့်ခဲ့လို့ ဒီ ဆုတံဆိပ်ကို အောင်မြင်ခဲ့တာပေါ့။)

"သမီးရဲ့ အဘိုးနဲ့အိမ်နီးချင်းတွေကို မပြောပဲ အောင့်မနေနိုင်တော့ဘူး။" လှည့်ဖျားစကားမျိုးကို ထည့်ပြောဖို့မလိုပါဘူး။ ကလေးငယ်ရဲ့ အောင်မြင်မှုအတွက် ရှင်ခံစားနေရတဲ့ ချစ်ခြင်းမေတ္တာတွေ စိတ်လှုပ်ရှားမှုတွေကို ရှင်နဲ့ကလေးနဲ့ နှစ်ဦးတည်းသာရှိမယ့် အချိန်အထိတော့ အောင့်ထားသင့်ပါတယ်။"

### သတိပြုရန်

**နှိုင်းယှဉ်လိုသောဆန္ဒကိုတွန်းလှန်ပါ။** ။ ကလေးတစ်ဦးအား မျက်နှာသာမပေးဘဲ အခြားကလေးတစ်ဦးနှင့် (အင်္ကျီတွေကို ဘာ ကြောင့်မင်းအစ်ကိုလို ချိတ်မထားနိုင်ရတာလဲ) နှိုင်းယှဉ်မည့်အစား သင်မကြိုက်သော အပြုအမူအကြောင်းကိုသာဖော်ပြပါ။

**မြင်သည့်အတိုင်းဖော်ပြပါ။** ။ "ဂျာကင်အင်္ကျီအသစ် ကြမ်းပြင်ပေါ်မှာ တွေ့တယ်ဟေ့"

**ခံစားရသည့်အတိုင်းဖော်ပြပါ။** ။ "အဲဒါကို မကြိုက်ဘူး"

**လုပ်ဆောင်ရမည်ကိုဖော်ပြပါ။** ။ "အဲဒီဂျာကင် အဝတ်ဘီရိုထဲမှာရှိရမယ်"

ကလေးတစ်ဦးအား မျက်နှာသာမပေးဘဲ အခြားကလေးတစ်ဦးနှင့် (သားက သားအစ်ကိုထက် အများကြီးသေသပ်တယ်) နှိုင်း

ယုဉ်မည့်အစား သင့်အားစိတ်တိုင်းကျစေသည့် အပြုအမူအကြောင်းကိုသာ ဖော်ပြပါ။

**မြင်သည့်အတိုင်းဖော်ပြပါ။** ။ "ဂျာကင်အင်္ကျီကိုချိတ်မှာ ချိတ်ထားတာကိုး"

**ခံစားရသည့်အတိုင်းဖော်ပြပါ။** ။ "အဲဒါကိုမေမေဝမ်းသာတယ်။ ဒါမှ လူသွားလမ်းမှာ ရှင်းနေမှာပေါ့"

## ကိုယ်တွေ့ဖြစ်ရပ်များ

အိပ်ယာဝင်ချိန်တွင်ဖြစ်သည်။

ကျွန်ုပ် – အယ်လင်၊ ဂျနီဖာ၊ အိပ်ချိန်။

ညဝတ်အင်္ကျီ၊ သွားတွေ (ခိုင်းသည့်အတိုင်းလုပ်ရန် အားလုံးထွက်သွားကြသည်။)

ဂျနီဖာ – (ငြီးငြူလျက်) သမီးမအိပ်ချင်ဘူး။

ကျွန်ုပ် – အိပ်ရာဝင်ချိန်ရောက်ပြီလေ။

ဂျနီဖာ – ဟင့်အင်း မေမေဘာသာအိပ်။

ကျွန်ုပ် – (စိတ်တို၊ ဒေါသထွက်ကာ အော်ချင်စိတ်ပေါက်လျက်)

(မောင်လေးတွေ အိပ်သလိုဘာဖြစ်လို့ မအိပ်နိုင်ရတာလဲ။ သို့သော် အသာထားလိုက်ပြီး စိတ်ကိုဖြေလျှော့ရန် အယ်လင့်အခန်းသို့ ဝင်ခဲ့သည်။) ဂျနီဖာက ကျွန်မ၏နောက်မှလိုက်လာသည်။ အယ်လင်က အိပ်ရာခင်းပြီးပြီဖြစ်သည်။

ကျွန်ုပ် – (အယ်လင်အား) သားကအိပ်ရာခင်းပြီးပြီပဲ။ အိပ်ချိန်ရောက်ပြီး ကြားတာနဲ့ သားကညဝတ်အင်္ကျီဝတ်ပြီး သွားတိုက်တော့တာပဲ။ အဲဒီတော့ မေမေအကူအညီအများကြီးရတာပေါ့ကွယ်။ (ဂျနီဖာ အကြောင်းတစ်လုံးမျှ မဟသည်ကို သတိပြုပါ။)

ရလဒ် – နောက်ထပ်ဆင်ခြေ မများတော့ပဲ ဂျနီဖာက သူမလုပ်စရာရှိသည်များကို လုပ်နေသည်။

အခြားရလဒ် – (သူ့အခန်းမှ) မနက်ဖြန်သားအတွက် အဝတ်အစားထုတ်ပေးစရာ မလိုတော့ဘူး။ သားဘာသာ စီစဉ်ပြီးပြီ။ မေမေ့ကို ကူညီရတာ သားသဘောကျတယ်။

ကျွန်ုပ် – ကျေးဇူးပါပဲ အယ်လင် (ဂျနီဖာအား) သမီးအိပ်တော့မှာကိုး (သမီး "လည်း " ဟူ၍မသုံးသည်ကို သတိပြုပါ။)

ဂျနီဖာက ဂုဏ်ယူဝင့်ကြွားလျက်။

## တန်းတူညီမျှခြင်းသည်နည်းသွားခြင်းဖြစ်သည်

အစည်းအဝေးခန်းမ တံခါးကိုဖွင့်လိုက်သောအခါ ကျယ်လောင်သောရယ်မောသံများကို ကျွန်မကြားလိုက်ရသည်။ စောစောရောက်နေသော အမျိုးသမီးများအား ညီတူညီမျှပြုမူသင့် မသင့်ဟူသောမေးခွန်းကို ဆွေးနွေးနေကြပြီး ရယ်ရွှင်ဖွယ်ရာ နမူနာတစ်ခုကို အဖြေနှင့်ကိုက်ညီအောင် ဆွေးနွေးနေကြဟန်တူသည်။

ရေခဲတုံးပမာဏ မည်မျှပင်ဖြစ်စေ မလုံလောက်ပါ။ ကားဂိုဒေါင်ထဲရှိ ရေခဲသေတ္တာတွင် ၂နှစ်စာမျှစုပုံနေသော ရေခဲတုံးများကို ရှင်းလင်းရန်ဆုံးဖြတ်ခဲ့သော နွေရာသီ၏နေ့တစ်နေ့ကို ကျွန်မဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။ ကလေးများက ရေချိုးဝတ်စုံဖြင့် ကျွန်မ ရေနွေးအိုးများ သယ်ယူလာပြီး ရေခဲများအရည်ပျော်အောင် ပြုလုပ်မည်ကို စောင့်ကြည့်နေကြသည်။ တစ်ဘက်တွင် ရေခဲများချက်ချင်း ကွာကျလာသည်။ ကျွန်မက ကစားသည့်သဘောဖြင့် ရေခဲချပ်ကြီးတစ်ခုကို ကလေးတစ်ဦး၏ ရှေ့သို့မြှောက်ပစ်လိုက်ကာ "ရော့ ရေခဲတွေ" ဟုပြောလိုက်သည်။ "ကျွန်တော်/ကျွန်မ လည်းနည်းနည်းလိုချင်တယ်" ဟုချက်ချင်းပင် သံပြိုင်အော်လိုက်သည်။

ပို၍ကြီးသော ရေခဲချပ်များကိုခွာ၍ ကျန်ကလေးနှစ်ဦး ရှေ့သို့တစ်ချပ်စီပစ်ပေးလိုက်သည်။ ထိုအခါ အငယ်ဆုံးက "သူတို့က ပိုကြီးတယ်" ဟုအော်လိုက်သည်။

ကျွန်မက "မင်းကပိုလိုချင်လို့လား။ ကဲ ဒီမှာအများကြီးပဲ" ဟုပြောကာ ရေခဲတစ်အိုးစာကို သူ့ခြေထောက်နားသို့ ပစ်ချပေးလိုက်သည်။ ယင်းနောက် ကျန်နှစ်ယောက်က "အခုတော့ သူကပိုများသွားပြီ" ဟုအော်ပြောလိုက်ပြန်သည်။ ရေခဲနှစ်အိုးစာကို သူတို့နှစ်ယောက်ရှေ့သို့ ပစ်ချပေးလိုက်သောအခါ အငယ်ဆုံးဆုံးလေးက "ဟော သူတို့ကျတော့ အများကြီးပဲ" ဟုအော်ပြန်သည်။

ကလေးအားလုံး ခြေကျင်းဝတ်အထိ ရေခဲတုံးများမြုပ်နေသော်လည်း ပိုပြီးပေးရန် အော်တောင်းနေကြတုန်းပင်။ ကျွန်မက လည်းသူတို့တောင်းတိုင်း ရေခဲတုံးများကို မြန်နိုင်သမျှမြန်အောင် ခွာချပစ်ပေးခဲ့သည်။ ခြေထောက်များအေးပြီး ကိုက်ခဲလာသဖြင့် ခုန်ဆွခုန်ဆွလုပ်နေကြသည့်တိုင် တစ်ဦးထက်တစ်ဦး ရေခဲတုံးပို၍များများရအောင် အပြိုင်အဆိုင်အော်၍ တောင်းနေကြသည်။

အရာတိုင်းကို သာတူညီမျှဖြစ်အောင် ကြိုးစားခြင်းသည် မည်မျှအရာမထင်လိုက်ပါသနည်း ဟူသည်ကိုသတိပြုလိုက်မိပါသည်။ ကလေးများသည် ဘယ်တော့မှ လုံလောက်စွာ မရနိုင်သလို မိဘဖြစ်သော ကျွန်မအနေဖြင့်လည်း ဘယ်တော့မှလုံလောက်စွာ မပေးနိုင်ပါလေ။

လ တစ်လအတွက်ဆန်းစစ်ပြီးသောအခါ ဘခင်တစ်ဦးက "လူတွေအားလုံးတန်းတူညီမျှ နားလည်သွားအောင် ကြိုးစားတဲ့အခါ ခက်ခဲတဲ့ပြဿနာလေးတွေ ခင်ဗျားဘယ်နေရာက အဆုံးသတ်တယ်ဆိုတာ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကလေးတွေက ခင်ဗျားဟာမမျှတဘူး ဒါမှမဟုတ် သူ့သမီးကိုပိုပေးတယ်။ ဒါမှမဟုတ် သူ့ကိုပိုချစ်တယ်လို့ ယူဆပြီး ခင်ဗျားကိုတဖြည်းဖြည်း အကျပ်ကိုင်လာရင် ခင်ဗျားဘယ်လိုဖြေရှင်းမလဲ" ဟုမေးပါသည်။

ကျွန်မက "ရှင့် ကိုယ်ရှင်ပြောပြလို့ရတာပဲ။ သူတို့အားအရာတိုင်းကို တန်းတူညီမျှ လိုချင်ပုံရပေမဲ့ တကယ်တော့သူတို့မရကြဘူး"ဟုဖြေလိုက်ပါသည်။

သူကကျွန်မကို စူးစမ်းသောအကြည့်ဖြင့်ကြည့်သည်။ ဤကားရှင်းပြရန် ခက်ခဲသော အယူအဆတစ်ရပ်ဖြစ်သည်။ ငယ်ရွယ်သောဇနီးသည်တစ်ဦးက ခင်ပွန်းသည်ဘက်သို့ ရုတ်တရက်လှည့်ပြီးကောက်ကာငင်ကာ မေးလိုက်သည်။" ရှင်ဘယ်သူ့ကို ပိုချစ်သလဲ။ ရှင့်အမေကိုလား။ ကျွန်မကိုလား။" သူက "နှစ်ဦးစလုံးကို အတူတူချစ်တာပေါ့" ဟုဖြေလိုက်လျှင် သူ့ခမျာအတော်ပင် ခွကျသွားပေလိမ့်မည်။ သို့သော် ထိုသို့ဖြေရမည့်အစား သူက "ငါ့အမေကတော့ ငါ့အမေပဲပေါ့ကွာ။ ဒါပေမယ့် မင်းကငါ့ဘဝတစ်လျှောက်လုံးမှာ အတူလက်တွဲချင်တဲ့ ငါ့ကိုဆွဲဆောင်နိုင်တဲ့ မိန်းကလေးပါ" ဟုဖြေလိုက်သည်။

"သာတူညီမျှ အချစ်ခံရတယ်ဆိုတာ တစ်နည်းနည်းနဲ့တော့ အချစ်လျော့နည်းသွားတာဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အတ္တအတွက် သီးခြားစီချစ်တယ်ဆိုတာ ချစ်ဖို့လိုအပ်သလောက် အတတ်နိုင်ဆုံးချစ်တာပါပဲ" ဟုဆက်ပြောလိုက်သည်။

သူတို့အားလုံး အနည်းငယ်ရှုပ်ထွေးသွားကြသည်။ တိုင်းတာသောပမာဏအားဖြင့် သာတူညီမှချစ်ခြင်းနှင့် ကလေးတစ်ဦးချင်းစီ၏ ကျိုးကြောင်းဆီလျော်စွာ လိုအပ်သော လိုအင်များအရ သီးခြားစီချစ်ခြင်းတို့၏အကြား ကွဲပြားခြားနားမှုကို လူတိုင်းပိုမိုနားလည်သဘောပေါက်စေရန် အောက်ပါရှင်းလင်းချက်များကို အုပ်စုအားဖြန့်ဝေခဲ့ပါသည်။

"အိမ်မှာ မုန့်ပျားသလက်နဲ့ပတ်သက်တဲ့ ပြဿနာမျိုးပေါ်ပေါက်နေတယ်ဆိုပါစို့။ ဂျွန်နီကလေးက မုန့်ပျားသလက်ပိုပြီး များများလိုချင်တယ်။ ရှင်တို့မှာလည်း ပေးစရာမရှိတော့ဘူးဆိုရင် ဘယ်လိုလုပ်ကြမလဲ"

ဘခင် ၂ဦးကလက်ထောင်လိုက်ကြသည်။

"ဂျွန်နီအတွက် မုန့်ပျားသလက် တစ်ကိုက်စာလောက်ပေးလိုက်ရင်ကော မကျေနပ်နိုင်ဘူးလား။ ကျွန်မကလေးတွေကတော့ သူတို့ဖေဖေပန်းကန်ထဲက နည်းနည်းကလေးယူစားလိုက်ရမှ ကျေနပ်ကြတယ်။ မနေ့ကဆိုရင် သမီးငယ်လေးက သူ့အစ်ကိုက ပဲလှော်ပိုရတယ်ဆိုပြီး ပြဿနာရှာတယ်။ ဒါနဲ့ပဲ ကျွန်မက "ရော့ မေမေဆီက နည်းနည်းယူ" လို့ပေးလိုက်တယ်။ သူကကျွန်မပေးတဲ့ ပဲလှော်စေ့တွေကို ရေကြည့်ပြီး ကျွန်မပန်းကန်ထဲကို ပဲစေ့၂စေ့ ပြန်ထည့်တယ်။ "ကဲ မေမေ့ကိုလည်း သမီးပဲစေ့ပြန်ပေးပါတယ်နော်" လို့ပြောလိုက်သေးတယ်။"

အခြားအမျိုးသမီးတစ်ဦးကလည်း "ကျွန်မအိမ်က ပြဿနာကတော့ ကလေးတွေနဲ့ မဟုတ်ဘူး။ ကျွန်မဘာသာဖြစ်တဲ့ ပြဿနာပါပဲ။ သူတို့တွေကို အညီအမျှမပေးနိုင်ရင် ကျွန်မစိတ်မကောင်းဖြစ်မိတယ်။ ဂရက်ချန် (Gretchen) အတွက် ညဝတ်အင်္ကျီအသစ်ဝယ်ပေးတုန်းကပေါ့။ ကလော်ဒီယာ (Claudia) ကစိတ်ပျက်အားငယ်တဲ့ မျက်နှာလေးနဲ့ ကြည့်နေတယ်။ ကျွန်မအတော်ကြီး စိတ်မကောင်းဖြစ်မိတယ်" ဟုပြောပါသည်။

"အဲဒီတော့ ရှင့်ဘယ်လိုပြောလိုက်သလဲ"

"အိုး မသိတော့ပါဘူးရှင်။ သမီးကညဝတ်အင်္ကျီအသစ်မှ မလိုသေးတာပဲ။ သမီးအင်္ကျီက သမီးနဲ့တော်နေသေးတာကိုးလို့ ပြောလိုက်မိတယ်ထင်ပါရဲ့"

"အင်း ဒီစကားက လူကြီးတွေအတွက်တော့ သဘာဝကျပါတယ်" ကျွန်မက ရှင်းပြလိုက်သည်။ "ပြဿနာက ကလေးတွေဟာ စိတ်ပျက်အားငယ်နေရင် သဘာဝကျတာ မကျတာကို မစဉ်းစားတဲ့ကိစ္စပဲ။ သူတို့ခံစားနေရတဲ့ ပြဿနာအတွက် အလေးပေးဖို့တော့ လိုတယ်။ ကလော်ဒီယာ ညီမလေးက ညဝတ်အင်္ကျီအသစ်ရပြီး သမီးကမရတော့ သမီးစိတ်မကောင်းဖြစ်မှာပေါ့။ ညီမလေးကဘာဖြစ်လို့ ညဝတ်အင်္ကျီလိုနေတယ်ဆိုတာကို သမီးနားလည်နေရင်တောင် စိတ်မကောင်းဖြစ်နိုင်သေးတာပေါ့လေ" လို့ဖြေသိမ့်ပေးဖို့လိုတယ်လေ။

ကျန်သောအုပ်စုဝင်များ ဘက်သို့လှည့်လိုက်သည်။ ကျွန်မက "ကလေးတစ်ယောက်ချင်းစီအတွက် ထပ်တူညီတဲ့ ပမာဏကို ဘယ်တော့မှ မပေးသင့်ဘူးဆိုတဲ့ သဘောထားကို ဘယ်သူ့ကိုမှ ကျွန်မပေးနေတာ မဟုတ်ဘူးနော်။ ထူးခြားတဲ့ သိသာမြင်သာတဲ့ အလုပ်ကို မှန်မှန်ကန်ကန်လုပ်ရမယ့် အချိန်တွေရှိပါတယ်။ ကျွန်မဆိုလိုတာက ဘယ်အကြောင်းကြောင့်ဖြစ်စေ အညီအမျှမရတဲ့ ကလေးကလည်းဘဝပျက် မသွားနိုင်ပါဘူး။ ရှင်တို့က သူတို့ရဲ့စိတ်ပျက်အားငယ်မှုကို နားလည်သဘောပေါက်ပြီး လက်ခံမယ်ဆိုရင် ဘဝရဲ့မမျှတမှုတွေကို သူတို့ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ အထောက်အကူရပါလိမ့်မယ်" ဟုရှင်းပြလိုက်ပါသည်။

ကလေးငယ်တစ်ဦးချင်းစီအား တူညီမျှတသော ဂရုဏာဖြင့်တစ်တန်းတည်း တုန့်ပြန်ရန်မလိုအပ်ပါ။ မတူညီသော ကလေးငယ်များအတွက် မတူညီသော ခံစားမှုထားခြင်းသည် ပုံမှန်သဘောထားတစ်ရပ်ဖြစ်သည့်ပြင် သဘာဝလည်းကျပါသည်။ တစ်ခုတည်းသော

လိုအပ်ချက်မှာ မျက်နှာပေးခံရမှု ဦးစားပေးခံရမှုနည်းသော ကလေးတစ်ဦးအား သူ၏ထူးခြားသောစွမ်းဆောင်မှုကို ရှာဖွေကာ ချီးမြှောက်ခြင်းဖြင့် သူ့အပေါ်တွင်ပြန်လည် သက်ရောက်စေရန်ဖြစ်ပါသည်။ ယင်းတို့ကား ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို ဆန်းစစ်နိုင်သော အရာများပင်ဖြစ်သည်။ ထို့အတူ ကလေးများက ကျွန်ုပ်တို့ထံမှ လိုအပ်သောအရာများလည်းဖြစ်သည်။ တန်ဖိုးထားခြင်း ကလေးတစ်ဦးချင်းစီ၏ လိုအပ်ချက်ကို သီးခြားဖြည့်ဆည်းပေးခြင်းတို့ဖြင့် ကလေးတစ်ဦးချင်းစီက သူတို့ကိုယ်သူတို့ နံပါတ်တစ်ကလေးများ အဖြစ်သတ်မှတ်ယူလာစေနိုင်ပါသည်။

### သတိပြုရန်

ကလေးများသည် သာတူညီမျှပြုစုမှု ခံယူရန်မလိုပါ။ သီးခြားစီပြုစုမှုကို ခံယူရရှိရန် လိုအပ်သည်။

၁။ **ညီမျှသောအရေအတွက်ကိုပေးမည့်အစား** "ရော့ သားရတဲ့စပျစ်သီးနဲ့ ညီမလေးရတာနဲ့ များတာချင်းအတူတူပဲ"
**တစ်ဦးချင်းစီ၏လိုအပ်ချက်အတိုင်းပေးခြင်း** "စပျစ်သီးနည်းနည်းပဲ ယူမလား။ တစ်ခိုင်လုံးယူမလား"

၂။ **ညီမျှသောချစ်ခြင်းမေတ္တာကိုပြမည့်အစား** "သူ့ကိုညီမလေးနဲ့အတူတူချစ်တာပဲ"
**ကလေးတစ်ဦးချင်းစီကို သီးခြားစီချစ်ကြောင်းပြခြင်း** "သားကတော့ လောကကြီးမှာ တစ်ဦးတည်းသောဖေဖေ့သားပဲ။ သားနေရာကို ဘယ်သူနဲ့မှ အစားမထိုးနိုင်ဘူး"

၃။ **ညီမျှသောအချိန်အတိုင်းအတာကိုပေးမည့်အစား** "ညီမလေးနဲ့ ၁၀မိနစ်ကစားပြီးရင် သားနဲ့လည်း ၁၀မိနစ်နေမယ်"
**လိုအပ်သောအချိန်အတိုင်းအတာကိုပေးခြင်း** "ညီမလေးရဲ့ စာစီစာကုံးအတွက် မေမေသူ့ကိုအချိန်ပေးရမယ်။ ဒါကသူ့အတွက် အရေးကြီးတယ်။ ပြီးတာနဲ့ သားကတော့ ဘာအရေးကြီးလဲဆိုတာ မေမေသိချင်တယ်။"

## ကိုယ်တွေ့ဖြစ်ရပ်များ

ဤသတင်းပတ်တွင်ကျွန်မ သာတူညီမျှဖြစ်စေရန် ကြိုးစားဖြေရှင်းခြင်း မပြုရဘဲ လူပင်ပမ်းသက်သာသောဖြစ်ရပ် ၂ခုရှိခဲ့သည်။

**ဖြစ်ရပ် ၁။ အိပ်ရာဝင်ချိန်တွင်ဖြစ်သည်။**

စတီးဗ် (၄နှစ်သား) – မေမေ မတရားဘူး။ မက်ဂီနဲ့နေတာ သားထက်ပိုကြာတယ်။ ပြီးတော့စကားလည်း အကြာကြီးပြောတယ်။
ကျွန်မက "ဒီည ညီမလေးက တော်တော်နဲ့မအိပ်နိုင်ဘူး။ နေ့ခင်းက အကြာကြီးအိပ်ထားတာလေ။ မနက်ဖြန်ညကျရင် မေမေ သားနဲ့အကြာကြီးနေမယ်။ ပြီးတော့ ပုံပြင်တစ်ပုဒ်လည်း အပိုဖတ်ပြဦးမယ်" ဟုရှင်းပြရန်ကြိုးစားမည့်အစား
ကျွန်ုပ် – ဟုတ်လား သားကလည်းမေမေနဲ့ အကြာကြီးနေချင်တယ်ပေါ့။
စတီးဗ် – ဟုတ်ကဲ့ (စောင်ခြုံ၍ကွေးကာ အိပ်ပျော်သွားသည်။)

**ဖြစ်ရပ် ၂။** စတီးဗင် သိပ်နေမကောင်းပါ။ မက်ဂီ (၂နှစ်ခွဲ) ကလက်ကိုမြှောက်ပြီး ကျွန်မအပေါ်တွယ်တက်မည်ပြုစဉ် ကျွန်မ၏ပေါင်ပေါ်တွင် စတီးဗ်ကိုတင်ပြီး လုပ်ရမ်းပေးနေပါသည်။ ပထမတော့ စတီးဗ်ကို ခဏချထားကာ သူမကိုကောက်ချီပြီး နှစ်သိမ့်ရန်စိတ်ကူးမိသည်။ သို့သော် ထိုသို့မပြုလုပ်ခဲ့ပါ။ ကျွန်မက "မက်ဂီ သမီးကိုချီစေချင်မှန်း မေမေသိတယ်။ အခုတော့ စတီးဗ်ကိုပွေ့ထားရဦးမယ်။ သူက ဖျားနေတယ်လေ"

စတီးဗ်၏ "အဟမ်း" ဟုအသံပြုသံက "တွေ့လား ငါကပိုပြီး အရေးကြီးတယ်" ဟုပြောပုံမျိုးဖြစ်သည်။ သို့သော် ကျွန်မအံ့သြသွားသည်ကား ကျွန်မပြောသည်ကို မက်ဂီလက်ခံသည့်ပြင် သူ့ကိုကျွန်မပွေ့မချီခင်အထိ စောင့်နေခြင်းပင်ဖြစ်ပါသည်။

ကလေးငယ်များက ၎င်းတို့ဦးစားပေး ခံရစေရန် ကျွန်ုပ်တို့အားဖိအားပေး၍ နားပူနားဆာလုပ်နေသည့်တိုင် ကျွန်ုပ်တို့ထံမှ သူတို့အမှန်တကယ်လိုအပ်သည့်အရာကို အောက်ပါကိုယ်တွေ့ဖြစ်ရပ်ကလေးက ထိုးထွင်းသိမြင်စေနိုင်ပါသည်။

သည်တစ်ပတ်အတွက် သည်ဖြစ်ရပ်ကလေးကို တင်ပြပါသည်။

ကျွန်တော်သည် ဆိုဖာပေါ်တွင် ကျွန်တော်၏ ၈နှစ်သမီးအရွယ်ရှိ သမီးလတ် အေမီ (Amy) နှင့်အတူ ထိုင်နေစဉ် သူမက "ဖေဖေ ဘယ်သူ့ကိုအချစ်ဆုံးလဲ။ ရေချယ်ကိုလား အင်မလီကိုလား သမီးကိုလား" ဟုကောက်ကာငင်ကာ မေးလိုက်ပါသည်။

လွန်ခဲ့သောအပတ်က ကျွန်တော့်တို့ဆွေးနွေးခဲ့သည့် အကြောင်းအရာများ ခေါင်းထဲမှကြက်ပျောက်ငှက်ပျောက် ပျောက်သွား

တော့သည်။ ပြန်ပြောရန် စဉ်းစားမိသမျှမှာ "သမီးရယ် အားလုံးကိုအတူတူပဲချစ်တာပေါ့ကွယ်" ဟူ၍ပင်။ အကောင်းဆုံးအဖြေပင် မဟုတ်ပါလော။

သို့သော်ထိုအဖြေကို အေမီကလက်မခံပါ။ "ဆိုပါတော့ အမီးတို့အားလုံး လှေတစ်စင်းထဲမှာ ရှိနေတုန်းလှေက မှောက်သွားတယ်။ အားလုံးလည်း ရေနစ်နေကြတယ်။ ကဲ ဖေဖေ ဘယ်သူ့ကို အရင်ဆယ်မလဲ" ဟုဆက်မေးပြန်ပါသည်။

ထိုအမေးကို "ဖေဖေနဲ့အနီးဆုံးလူကို အရင်ဆယ်မှာပေါ့" ဟုကြိုးစားဖြေလိုက်သည်။

"ကဲ သမီးတို့အားလုံး ဖေဖေနဲ့အနီးဆုံးမှာပဲ ရှိတယ်ဆိုပါစို့" သူက ကျွန်တော်ကို ချောင်ပိတ်ဖမ်းနေချေပြီ။

နောက်ဆုံးတွင် ကျွန်တော်အမှတ်ရလာခဲ့သည်။ " အင်း ဒီလိုအခြေအနေမျိုးဟာ ဖေဖေ့အတွက် သိပ်ပြီးကြောက်ဖို့ကောင်းတဲ့ သိပ်ခက်ခဲတဲ့အနေအထားပေါ့" ကျွန်တော်ဆက်ပြောလိုက်သည်။ "သမီးတို့ တစ်ယောက်ချင်းစီဟာ ဖေဖေ့အတွက် သိပ်ကိုထူးခြားတဲ့ သူတွေချည်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက်မတူ သိပ်မတူကြဘူးလေ။ အေမီလေးမှာ တစ်ခုခုဖြစ်ရင် ဖေဖေဘာ လုပ်ရမလဲ။ ဒီလောက်ပျော်ဖို့ကောင်းအောင် အတူနေရတဲ့ အတူစကားပြောရတဲ့ အေမီဆိုတဲ့သမီးလေးပျောက်ဆုံးတယ်ဆိုတဲ့ အတွေးကို တောင် ဖေဖေဘယ်လိုသည်းခံနိုင်ပါ့မလဲ။ သူ့နဲ့တူတဲ့ လူကမ္ဘာမှာတောင် မရှိပါဘူး။ ဒီလိုတွေးရတာကိုပဲ လွန်လွန်းလှပြီပေါ့။"

ထိုအဖြေကားထိရောက်ပါသည်။ အေမီက အမှန်ကျေနပ်သွားပုံရသည်။ သူ့ညီမလေးများနှင့် ပတ်သက်၍ ကျွန်တော်မည်သို့ ခံစားရသည်ကိုပင် မမေးတော့။ ကျွန်တော်သူ့ကို အဘယ်မျှတန်ဖိုးထားကြောင်း သိချင်ရုံသက်သက်မျှသာဖြစ်ပါသည်။

## "သူ" က "ဒီဟာ" ဆိုရင် "ကျွန်တော်" က "ဟိုဟာ" ပေါ့

ခွေးက ကျွန်မ၏ပေါင်ကို နှုတ်သီးဖြင့်အတင်းထိုးနေသည်။ မသိချင်ယောင်ဆောင်နေလိုက်သည်။ သူမက ဟောင်လိုက်ပြီး နှာခေါင်းဖြင့်ထိုးနေပြန်သည်။ "အေးပါ ပက်ပါရယ် အေးပါ" သူမ၏ဆန့်ထွက်နေသော လည်ပင်းပေါ်မှ ကြိုးကိုလျှော့ပေးလိုက်ပြီး သူမ နှင့်အတူကားလမ်းအတိုင်းပြေးတက်ခဲ့သည်။ ယောကျာ်းကလေးငယ်နှစ်ဦးက "ဒေါ်ဂီး ဒေါ့ဂီး" ဟုအော်ကာ လက်ညှိုးထိုးပြီး ကျွန်မတို့ ဆီသို့ပြေးလာသည်။

သူတို့နောက်တွင် ကပ်လျက်ပါလာသူမှာ ကျွန်တော့်အိမ်နီးချင်းအသစ်ဖြစ်သည်။ သူမကို နောက်ဆုံးအကြိမ်တွေ့စဉ်က အဆိုပါကလေးအမွှာနှစ်ဦးကို တွန်းလှည်းကလေးနှင့် တွန်းလာခြင်းဖြစ်သည်။ ကျွန်မက "ဘာဘုရားရယ် ဒီကောင်တွေအထွားမြန်လိုက်တာ မစဉ်းစားတတ်အောင်ပါပဲ။ ကြည့်စမ်းအခုတော့ ပြေးလွှားပြီး စကားတွေတောင်ပြောနေကြပြီ။ သူတို့နှစ်ယောက်စလုံး ခွေးချစ်တာတော့ သေချာတယ်။ ဟုတ်တယ်မဟုတ်လား" ဟုရေရွတ်ရင်းပြောလိုက်သည်။

"အင်း ထင်တာပဲလေ။ ဒါပေမဲ့ အငယ်ကောင်က ခွေးကိုဖက်မလို့ လုပ်နေပေမဲ့ အကြီးကောင်က မဖက်ဘူးတွေ့တယ်မို့လား။ ဒီကောင်ကြီးက ခပ်ဝေးဝေးတောင် သွားရဲတာမဟုတ်ဘူး။"

သူမ၏ဝေဖန်ချက်ကို ကျွန်မအံ့အားသင့်မိပြီး ဘာပြန်ပြောရမှန်းပင် မသိတော့ပါ။

"သူတို့တွေက မွေးလာကတည်းက တစ်ယောက်တစ်ပုံစံပဲ" သူမကဆက်ပြောသည်။ "အငယ်ကောင်က တကယ်ကြမ်းတာ။ ဘာကိုမှ မကြောက်ဘူး။ အကြီးကောင်ကတော့ ပြောမနေနဲ့တော့။ သူ့အရိပ်တောင် သူလန့်တဲ့ကောင်"

ကျွန်မလည်း "အော် ဟုတ်လား" ဟူ၍သာတုန့်ပြန်ခဲ့ပြီး ခွေးကိုဆွဲကာ အိမ်သို့ပြန်လာခဲ့တော့သည်။ နောက်ထပ်တစ် စက္ကန့် လောက်နေမိလျှင် ကျွန်မကိုယ်ကျွန်မ နောင်တရ၍မဆုံးစေမည့် စကားတစ်ခုခုကိုတော့ ပြောဖြစ်ခဲ့မှာသေချာသည်။

ကလေးများရှေ့တွင် ထိုသို့သောစကားမျိုး သူမဘာကြောင့်ပြောရတာလဲ။ သူမစကားကို ကလေးများမကြားဘူးဟု သူမထင်လို့လား။ ကလေးများနားမလည်ဟု ယူဆလို့လား။ သူမသည် ကလေးနှစ်ဦးစလုံးကို သွေးခွဲနေချေပြီ။ တစ်ဦးချင်းစီ၏ အနာဂတ်ကို ကြိုတွေးနေခဲ့ချေပြီ။ သူမ၏ပြောဆိုပြုမူချက်များကား လုံးဝပျက်စီးခြင်းသို့ ရှေ့ရှုနေပေသည်။ ကလေးတစ်ဦးချင်း၏ ပျက်စီးမှုကိုသာမက ၎င်းတို့တစ်ဦး၏ အနာဂတ်ဆက်ဆံရေးကိုပါ ပျက်စီးစေပေသည်။

နောက်နေ့ညနေပိုင်းတွင်ဖြစ်သည်။ အုပ်စုဝင်များနေရာယူပြီးသည်အထိ ကျွန်မစောင့်နေလိုက်သည်။ ထို့နောက် ကျွန်မ၏ သဘောထားကို ပြောပြလိုက်သည်။

"ကဲ ရှင်တို့ဆီက ကျွန်မသိချင်တာကတော့ ကလေးတစ်ဦးချင်းစီလျှောက်လှမ်းရမယ့် မတူညီတဲ့လမ်းတွေကို မိဘတွေကသတ်မှတ်နိုင်အောင် ဘယ်အကြောင်းခြင်းရာတွေက တွန်းအားပေးနေသလဲ ဆိုတာပါပဲ။"

အဖြေများလျင်မြန်စွာ ထွက်လာသည်။ "ကျွန်တော်တို့ရဲ့ အတ္တစိတ်ကို တားဆီးပိတ်ပင်ထားနိုင်တဲ့ လမ်းလွှဲပါပဲ။ ကျွန်တော် ထင်တာကတော့ ခင်ဗျားရဲ့မိတ်ဆွေမလေးဟာ ငယ်ငယ်ကကြောက်တတ်တဲ့ မိန်းကလေးဖြစ်ခဲ့ရမယ်။ ဒါကြောင့် မကြောက်တတ်တဲ့ သားအကြောင်းကို ကြွားနေတာပေါ့။"

"ကျွန်မတို့တွေဟာ ကလေးတစ်ဦးစီရဲ့ အနာဂတ်လမ်းကြောင်းကို ခန့်မှန်းပြီးခေါ်ရ ပြောရတာကို ကျွန်မတို့သဘောတွေ့တတ်ကြပါတယ်။ ကျွန်မဆိုရင် တစ်ခါတစ်လေ ကျွန်မသားကို "ကိုချိန်မှန်ကြီးပေါလ်" လို့ခေါ်လေ့ရှိပြီး သမီးကိုတော့ "မနောက်ကျလေးလစ်ဇီ" လို့စလေ့ရှိပါတယ်။

“သူတို့ဟာကျွန်မတို့ရဲ့ ထူးခြားတဲ့နှလုံးသားလေးတွေပဲလို့ သူတို့တစ်ဦးချင်းစီက ခံစားစေချင်လို့ တစ်ဦးချင်းစီရဲ့ မတူညီတဲ့လမ်းကြောင်းတွေကို ကျွန်မတို့ခင်းပေးခဲ့ကြတာလို့ ထင်ပါတယ်။ ကျွန်လုပ်တာမှန် မမှန်တော့မသိဘူး။ ဒါပေမယ့် ကျွန်မကလေး ၃ ယောက်ကို “မင်းတို့အားလုံးစာဖတ်တော်ကြတယ်။ ညီမလေးက သင်္ချာတော်တယ်။ ညီလေးက အနုပညာမှာတော်တယ်။” ဒီလိုပြောခြင်းအားဖြင့် တစ်ယောက်ချင်းစီရဲ့ သီးခြားထူးခြားချက်ကလေးတွေကို ထုတ်ဖော်ပေးရာရောက်တယ်လို့ ထင်တယ်လေ။”

“ကလေးတွေကလည်း သူတို့လမ်းကြောင်း သူတို့ထွင်ကြပါတယ်” အုပ်စုက လျင်မြန်စွာလမ်းကြောင်းပြောင်းလိုက်သည်။ သူမ၏ယူဆချက်ကို ဆုပ်ကိုင်လိုက်ကြသည်။

“ဒါမှန်တယ်။ ကလေးတစ်ယောက်က “လူကောင်းလူတော်လေး” ကိုသရုပ်ဆောင်ချင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုသရုပ်ဆောင်တာကြောင့် သူတို့ချစ်ခင်နှစ်သက်ကြ လက်ခံကြလို့ပေါ့။”

“ဒါမှမဟုတ် “လူဆိုးကလေး” လိုသရုပ်ဆောင်ချင်တယ်။ ဒါကလဲ မလိုလားအပ်တဲ့ အလေးပေးမှုမျိုးဖြစ်ပေမဲ့ အလေးပေးခံရအောင်လုပ်တဲ့ နည်းလမ်းတစ်မျိုးပဲလေ။”

အရွယ်ရောက်ပြီးသူများဖြစ်သည့် အားလျော်စွာ သူတို့၏ပုံသွတ်သွင်းခံရမှုများနှင့် ယင်းတို့၏သူတို့အပေါ်သက်ရောက်မှုများကို လူတိုင်းကပြောပြချင်ကြသည်။ ဖြစ်ရပ်တစ်ခုချင်းစီသည် လုံးဝမတူညီကြသော်လည်း ဖြစ်လာသည့်အခြေခံပုံစံကား အတူတူပင်ဖြစ်သည်။ တစ်ဦး၏ အခန်းကဏ္ဍက အခြားတစ်ဦး၏ အခန်းကဏ္ဍကို ဆုံးဖြတ်သတ်မှန်ပေးသလိုလည်း ဖြစ်လေ့ရှိသည်။ “ကျွန်မကတော့အမြဲတန်း မညစ်ပတ်ပေါ့။ မောင်လေးကတော့ ကိုသန့်ရှင်းလေ” “ကျွန်မက သိပ်ကြောက်တတ်တယ် အဲညီမလေးကတော့ သတ္တိရှိသလားမမေးနဲ့”

“ကျွန်တော့်ကို ရိုင်းစိုင်းတဲ့လူရိုင်းလို့ အမြဲတန်းစွပ်စွဲခံရရင် တကယ်ပဲ ရိုင်းစိုင်းသွားတော့မလားလို့ ထင်မိတယ်။ တစ်ခါတစ်လေ ပြောတဲ့အတိုင်း ရိုင်းစိုင်းစိတ်ပေါက်လာတယ်။” “လူတွေက ကျွန်မကိုဖြစ်ကတတ်ဆန်း လုပ်တတ်တယ်လို့ ယူဆထားပြီးဆိုကတည်းက သူတို့ကိုကျွန်မ မမှုတော့ဘူး။ အရေထူသွားပြီ” စသည်ဖြင့် ဆန္ဒနှင့်ဆန့်ကျင်ပြီး အတင်းအကျပ်ပုံသွင်းထားသော လူ့ဘဝဇာတ်ကောင်များ၏ စရိုက်ကိုအထင်းသား မြင်တွေ့လာရပါသည်။

ထို့ပြင်ညီအစ်ကိုမောင်နှမအရင်းများအကြား ရန်လိုအမုန်းပွားမှုကိုလည်း တွေ့ရှိရသည်။ “အစ်ကိုက လူတော်တစ်ယောက်ဖြစ်နေပြီး ကျွန်တော်ကတော့ သူနောက်မှာသိမ်ငယ်နေရတာကို ခံပြင်းမိတယ်” “ကျွန်မညီမလေး စိတ်ကြီးပြီးဒေါသပုန်ထတာကို ကျွန်မသိပ်မုန်းတယ်။ သူက ဒေါသပုန်ထလေ ကျွန်မကပိုပြီး တည်ငြိမ်လာလေပဲ။”

ကလေးများ၏ သွားရာလမ်းကြောင်းချင်း တိုက်ရိုက်ဆန့်ကျင်ခြင်း မရှိသော်လည်း ကလေးတစ်ဦးကို အခြားကလေးတစ်ဦးနှင့် နှိုင်းယှဉ်သတ်မှတ်၍ အဓိပ္ပါယ်ဖွင့်ကြသည်။ ကလေးများကိုယ်တိုင်ကလည်း အခြားကလေးများနှင့် သူတို့ကိုယ်သူတို့ နှိုင်းယှဉ်အဓိပ္ပါယ်ဖွင့်ဆိုကြသည်။ “ကျွန်မက ညီမလေးလောက် မတော်ပါဘူး” “ကျွန်တော်က အစ်ကို့လောက် ခေါင်းမဆောင်တတ်ဘူး”

ဤသို့အမျိုးမျိုးအဖုံဖုံကြားသိရပြီးနောက် အုပ်စုတစ်ခုလုံးကို ကျွန်မရှင်းပြခဲ့သည်မှာ “ကလေးတွေမှာ ဘဝကပေးထားတဲ့ မွန်မြတ်တဲ့ အရည်အသွေးတွေရှိတယ်ဆိုတာ အမှန်ပါပဲ။ အဲဒီသဘာဝအရည်အသွေးတွေကို အသေအချာအသိအမှတ်ပြုသင့်သလို တောက်ပြောင်အောင်လည်း ပွတ်တိုက်ပေးသင့်ကြပါတယ်။ ဒါပေမယ့် အခြားညီအစ်ကိုမောင်နှမတွေ ရှေ့မှာတော့ပွတ်တိုက်မပေးပါနဲ့။ ကလေးတစ်ဦးက သူ့ရဲ့အထူးကျွမ်းကျင်တဲ့ စွမ်းရည်တစ်ခုကို ဖော်ထုတ်ပြသတယ်ဆိုပါတော့။ တခြားကလေးတွေကို အဲဒီမြင်ကွင်းကနေပြီး ဖယ်ထုတ်မပြစ်မိဖို့ ကျွန်မတို့သတိထားရမှာ ဖြစ်သလိုတခြားကလေးတွေကလဲ အလိုလိုသူတို့ဘာသာသူတို့ ရှောင်ထွက်သွားတာမျိုး မဖြစ်အောင်လည်း ဂရုပြုရပါလိမ့်မယ်။ “သူကတော့ မိသားစုထဲမှာ ဂီတပညာရှင်ပဲဟေ့” “သမီးကတော့ ကျောင်းစာမှာထိပ်ဆုံးကချည်းပဲ” “သားကတော့ အားကစားသမားကြီးပေါ့” လူသားတွေ ကြိုးပမ်းအားထုတ်မှုရဲ့ ဘယ်ကဏ္ဍတိုင်းမှာမဆို ကလေးတစ်ဦးဟာ ကဏ္ဍတစ်ခုထဲမှာပဲ ချောင်ပိတ်ထိန်းချုပ်ခံရတာမျိုး မဖြစ်သင့်ပါဘူး။ ပညာသင်ကြားရေး၊ အကပညာ၊ ပြဇာတ်၊ ကဗျာ၊ အားကစား စတဲ့အရာတွေရဲ့ ပီတိသုခဟာ လူတိုင်းခံစားဖို့အတွက်ဖြစ်ပြီး ဝါသနာပါသူတစ်ဦးတစ်ယောက်အတွက် ချန်လုပ်ထားတာမျိုးမဟုတ်ကြောင်း ကျွန်မတို့သားသမီးတစ်ဦးချင်းစီက ရှင်းလင်းစွာနားလည် သဘောပေါက်အောင် ကြိုးစားဖို့လိုပါတယ်” ဟုဖြစ်ပါသည်။

## ကလေးများလွတ်လပ်စွာပြောင်းလဲစေခြင်း

ဘခင်တစ်ဦးက “ပြီးခဲ့တဲ့အပတ်က ခင်ဗျားပေးခဲ့တဲ့ ဆွေးနွေးချက်ကို ကျွန်တော်အတော်ကြီး စဉ်းစားခဲ့တယ်။ ပြီးတော့ မိသားစုထဲမှ တစ်ယောက်ယောက်ရဲ့ အခန်းကဏ္ဍကို ဘယ်သူကမှ မသတ်မှန်စေရဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါနဲ့ပဲ တနင်္ဂနွေနေ့မှာ တရားဟောဆရာအသစ်နဲ့ ကလေးတွေကို မိတ်ဆက်ပေးပါတယ်။ ကျွန်တော်က “ဒါအကြီးဆုံးသားပါ။ သူကတော့အလတ်ပေါ့။ ဒါလေးကတော့ အငယ်ဆုံးလေးပဲ” ပြောသည်ကို ကျွန်တော်ဘာသာပြန်စဉ်းစားနေရတယ်။ သူတို့နာမည်လေးတွေကိုတောင် ထည့်မပြောခဲ့ဘူး။ ကျွန်တော် သူတို့ကိုဘယ်လို ပြုမူခဲ့တယ်ဆိုတာ ကျွန်တော်ဝန်ခံပါတယ်။ ကျွန်တော်ဟာ ၅နှစ်သားလေးကို ဖျက်ဆီးသလိုဖြစ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကအငယ်ဆုံးဖြစ်နေလို့ပါပဲ။ ပြီးတော့ သားအလတ်ကလေးလဲ ရှိနေတယ်။ သူ့ခမျာ အကြီးနဲ့အငယ်ကြားမှာညှပ်နေရှာတယ်။ ကျွန်တော်ဟာအမြဲတန်း

အခြားဘခင်တစ်ယောက်ကလည်း "ခင်ဗျားပြောတာကို ကျွန်တော်သဘောပေါက်ပါတယ်ဗျာ" ဟုထောက်ခံလိုက်သည်။ "ကေ (Kay) မှာကိုယ်ဝန်ရှိကတည်းက မိုက်ကယ် (Michael) လူကြီးတစ်ယောက်လို ပိုပြီးလုပ်တတ် ကိုင်တတ်ရှိလာအောင် ကျွန်တော် တွန်းအားပေးခဲ့တယ်။ ပြီးခဲ့တဲ့ညကတော့ အခုမင်းက လူကောင်ကြီးလာပြီ ဒီတော့ ညဝတ်အင်္ကျီကို ကိုယ့်ဘာသာကိုယ်ဝတ်တတ်သင့်ပြီ ပေါ့ကွာလို့ ပြောခဲ့မိတယ်။ သူက စိတ်ပျက်သွားပုံရတယ်။ ပြီးတော့ "ဖေဖေ သားဦးနှောက်က ကလေးပဲရှိသေးတယ်ဆိုတာ ဖေဖေသတိ မထားမိဘူးလား" လို့ပြန်ပြောတယ်လေ။"

"လွန်ခဲ့တဲ့အပတ်က ဒီအကြောင်းကို ကျွန်မတို့မဆွေးနွေးခဲ့ဘူး" တစ်ယောက်ကပြောသည်။ "ဒါကတော့ သိပ်ထင်ရှားလွန်းပါ တယ်။ ကျွန်မတို့ဟာ သားသမီးတွေကို သူတို့ရဲ့အသက်အရွယ်အလိုက်သာ ပြုမူဆက်ဆံသင့်ကြပါတယ်။"

ကလေးများသည် မတူညီကွဲပြားခြားနားသော ကိုယ်ရည်ကိုယ်သွေး ကိုယ်စီဖြင့်မွေးဖွားလာခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် မိဘများအနေဖြင့် ကျွန်ုပ်တို့တွင် အဆိုပါထူးခြားသော ကိုယ်ရည်ကိုယ်သွေးများကို လွှမ်းမိုးနိုင်သည့် စွမ်းအားရှိကြပါသည်။ ကျွန်ုပ်တို့၏စွမ်းအားကို အမြော်အမြင်ရှိစွာ အသုံးပြုကြပါစို့။ ကလေးများအား ရှုံးနိမ့်စေမည့်လမ်းကြောင်းများသို့ ကျွန်ုပ်တို့တွန်းမပို့ဘဲ နေကြပါစို့။

"မိသားစုတစ်စုအတွင်းမှ ဦးတည်ရာလမ်းကြောင်းချင်း ဆန့်ကျင်ဘက်ဖြစ်သော ကလေးနှစ်ဦးကို ကျွန်ုပ်တို့အဘယ်ကြောင့် နမူနာမထုတ်သင့်သနည်း။ အဆိုပါလမ်းကြောင်းများမှ ကလေးနှစ်ဦးစလုံး ဖယ်ခွာသွားနိုင်သည်ကို အဘယ်ကြောင့်စဉ်းစားမကြည့်သင့်သနည်း" ဟူသော စိတ်ကူးကျွန်မတွင်ရှိပြီ ဖြစ်ပါသည်။

ကျွန်မတို့လုပ်ငန်းသည် နှစ်လမ်းသွားဖြစ်ရမည်။

ကာတွန်းဇာတ်လမ်းတွင် ကျွန်ုပ်တို့မည်သို့ ဖြေရှင်းထားသည်ကို တွေ့နိုင်ပါသည်။

သူ၏မိဘများ

| | |
|---|---|
| ဂျွန်နီ | ညီလေးဘောလုံးကို သားဝှက်ထားသလားဟု ပြောမည့်အစား |
| မိဘများ | ညီလေးသူ့ဘောလုံး ပြန်လိုချင်နေတယ်။ |

ကလေးငယ်

| | |
|---|---|
| ဂျွန်နီ | သားသဘောကောင်းမှန်း သားသိတယ်။ |
| မိဘများ | သားကကြင်နာတတ်တာကိုး |

ညီအစ်ကိုမောင်နှမများ

| | |
|---|---|
| ညီမ | ဂျွန်နီ အစ်ကိုကသဘောကောင်းတယ်ပေါ့။ ဖေဖေသူက သမီးကို စကော့တ်ချ် တိပ်ခွေငှားမှာမဟုတ်ဘူး။ |
| မိဘ | သူ့ကိုတစ်မျိုးပြောကြည့်ပါ။ သူဘယ်လောက်သဘောကောင်းတယ်ဆိုတာ သမီးအံ့ဩသွားလိမ့်မယ်။ |

## ပြဿနာရှာသောကလေးဟူ၍မရှိပါ

ကလေးတစ်ဦးအား မည်သည့်အကြောင်းဖြင့်ဖြစ်စေ ပြဿနာရှာသောကလေး ဒုက္ခပေးသောကလေးအဖြစ် ယူဆခြင်းခံရလျှင် အချို့ပုံစံများသည် လှုပ်ရှားမှုအဖြစ်သို့ ရောက်သွားလေ့ရှိသည်။

ထိုပြဿနာရှာသော ကလေးငယ်သည်ပို၍ ပြဿနာဖြစ်လာသည်။ သူ၏ဝန်ထုပ်ဝန်ပိုး ထမ်းထားရသော မိဘများသည် ပြဿနာကလေးငယ်အတွက် နစ်နာကြေးကို အခြားသော သာမန်ကလေးငယ်များအပေါ် တောင်းဆိုလာတော့သည်။ သာမန်ကလေးငယ်များ၏ လိုအပ်ချက်များကို ဘေးဖယ်ထားလိုက်ကြတော့သည်။ ထိုအခါ သာမန်ကလေးငယ်များက ပြဿနာရှာသောကလေးအပေါ် မခံချင်စိတ်ဖြစ်လာကြတော့သည်။

"လောကကြီးက ဘယ်လိုပါလိမ့်" ကျွန်မစကားဆက်လိုက်သည်။ "ရှင်တို့မခံချင်စိတ် ဖြစ်နေတဲ့ညီအစ်ကို မောင်နှမအရင်း တစ်ယောက်နဲ့ ရှင်တို့ရဲ့ဆက်ဆံရေးအဆင်ပြေရဲ့လား။ အဲဒီလိုမခံချင်စိတ် ဖြစ်ရတာဟာ အပြစ်တစ်ခုကျူးလွန်မိတယ်လို့ ခံစားနေရသလား" ဟုမေးလိုက်သည်။

"ဆက်ဆံရေးမကောင်းနိုင်ဘူး" အမျိုးသားတစ်ဦးကပြောသည်။ "ဒါဟာ အဓိကအချက်ပဲ" ကလေးများအား လိုချင်သော လမ်းကြောင်းအတွင်း မသွတ်သွင်းရပါ။ သူတို့ကိုလည်း လူသားထုတစ်ရပ်လုံးအဖြစ် ရှုမြင်ပါ။ မသန်စွမ်းသော ကလေးငယ်တစ်ဦး သို့မဟုတ် မကျန်းမာသော ကလေးတစ်ဦးအပေါ် အဘယ်ကြောင့် ခွဲခြားမှုမျိုးဖြစ်ရပါသနည်း။

ဘီးတပ်ကုလားထိုင်ဖြင့် သွားလာလှုပ်ရှားရသော မသန်စွမ်းညီမငယ်တစ်ဦးရှိသည်။ အမျိုးသမီးတစ်ဦးက "ပြောရမယ်ဆိုရင် တော့ ကလေးတိုင်းကို သာမန်လူသားတွေလိုပဲ ပြုမူဆက်ဆံပါ။ ကလေးများမှာ သိပ်လွန်ကဲတဲ့ ပြဿနာတွေရှိတယ်ဆိုရင်တောင် ဒီလိုပဲဆက်ဆံကြပါ။ သူတို့မှာ ကျွန်မတို့က သူတို့ကိုအလေးပေးတာထက်ပိုပြီး အများကြီးစွမ်းဆောင်နိုင်တဲ့ အင်အားတွေရှိပါတယ်" ဟု ပြောပြသွားသည်။

ကလေးငယ်များ အထူးသဖြင့် ၎င်းတို့၏ပြဿနာရှိသော အပြုအမူများကို ထုတ်ဖော်ပြသနေသော ကလေးများအား အခြေခံအားဖြင့် စွမ်းဆောင်နိုင်သူများ သာမန်လူများကဲ့သို့ပင် ပြုမူဆက်ဆံကြရမည်ဟု အမှန်တကယ်ယူဆရပါမည်လား။ ထိုအချက်ကား ကြီးမားလွန်းသော စိန်ခေါ်မှုကြီးဖြစ်ပုံရပါသည်။

ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ကျွန်ုပ်တို့၏ဖြေရှင်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

အဆိုပါကိစ္စသည် အယူအဆတစ်ခုအပေါ် အမြင်တစ်ခုကဆင့်ပြီး ဝန်ပိနေသဖြင့် လူအများသည် စကားလုံးအဖြစ် ဖွင့်ဟပြောပြရန် ကြိုးစားရန်းကန်ခဲ့ကြရသည်။

"ဒီကိစ္စကို ကျွန်တော်အခုဘယ်လိုမြင်သလဲဆိုတော့ မိသားစုထဲမှာ ပြဿနာရှာတဲ့သူ ဘယ်သူမှမရှိဘူးဆိုတဲ့ အချက်ကိုရှင်းလင်းသိသာစေတဲ့ စိတ်ခါတ်မျိုး ချမှတ်ထားဖို့ မိဘတွေအပေါ်မူတည်တယ်လို့မြင်ပါတယ်။"

"ကျွန်မတို့အထဲက အချို့မိဘတွေဟာ ကြီးမားတဲ့ ဒါမှမဟုတ် ကြီးမားတဲ့စိန်ခေါ်မှုကြီးတွေ ရှိကောင်းရှိလာနိုင်ကြပါတယ်။ ဒါပေမဲ့ အဲဒီလိုအပ်ချက်တွေနဲ့ စိန်ခေါ်မှုတွေကို အရှိအတိုင်းပဲ လက်ခံနိုင်ကြဖို့လိုပါတယ်။"

"လူတိုင်းဟာ ကြီးထွားဖွံ့ဖြိုးနိုင်းစွမ်းနဲ့ ပြောင်းလဲနိုင်စွမ်းရှိကြပါတယ်" "ကျွန်တော်တို့မှာ ပြဿနာမရှိကြဘူးဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေါ့။ ဖြေရှင်းကြရမှာပါပဲ။ အရေးကြီးတာကတော့ ကျွန်တော်တို့ရဲ့စွမ်းအားကို ယုံကြည်ဖို့ပါပဲ။"

"ပြီးတော့ တစ်ဦးနဲ့တစ်ဦးလည်း ယုံကြည်မှုရှိရမယ်။"

"ဒါတင်မကသေးဘူး။ အသင်းတစ်သင်းလို အချင်းချင်းပံ့ပိုးကူညီဖြည့်ဆည်းပေးရမယ်။ ဒါမှမိသားစုဘဝ ပီသမယ်လေ။"

**သတိပြုရန်**

ပြဿနာရှိနေသော ကလေးများကို ပြဿနာရှာသောကလေးများအဖြစ် ရှုမြင်ရန်မလိုအပ်ပါ။ သူတို့တွင် အောက်ပါတို့လိုအပ်ပါသည်။

**သူတို့၏ရှုံးနိမ့်မှုကိုလက်ခံပါ။** "အဲဒီကိစ္စကမလွယ်လှဘူး။ ဆုံးရှုံးသွားနိုင်တာပဲလေ။"

**သူတို့၏ဆောင်ရွက်ချက်များသည် မပြည့်စုံသည့်တိုင်အောင် ပြီးစီးမှုကို ဝမ်းမြောက်ဝမ်းသာလက်ခံပါ။** "ဒီတစ်ခါတော့တော်တော်နီးစပ်လာပြီနော်။"

**အခြေရှာရေးတွင်ကူညီပါ။** "ဒီကိစ္စက ခက်တယ်။ ဒီလိုအဖြစ်မျိုးကြုံလာရင် သားဘာလုပ်မလဲ။"

## ကိုယ်တွေ့ဖြစ်ရပ်များ

သူတို့၏ ကလေးများကို အမြင်သစ်ဖြင့်ရှုမြင်သုံးသပ်ရန် နက်နက်နဲနဲဆုံးဖြတ်သည့်အခိုက်မှာပင် သူတို့အိမ်များနှင့် ထူးခြားသောအဖြစ်အပျက်များ ပေါ်ပေါက်လာကြကြောင်းကို အုပ်စုအဖွဲ့ဝင်များက တင်ပြကြပါသည်။

ကလော်ဒီယာ (Claudia) သည် ငယ်စဉ်ကတည်းကပင် "သိမ်းဆည်း" တတ်သူကလေးဖြစ်သည်။ မည်သူကမျှ တစ်ခွန်းမဟရဘဲ သူမ၏ ပစ္စည်းပစ္စယများကို အစီအစဉ်တကျ သိမ်းသင့်သည်ကိုသိမ်း၍ ပစ်သင့်သည်ကိုပစ်တတ်သော စေ့စပ်သေချာသည့်ကလေးမျိုးဖြစ်သည်။ ဂရက်ချင် (Gretchen) ကမူ တကယ့်ကို နမော်နမဲ့နိုင်လှသည်။ ပစ္စည်းများကို ဘယ်တော့မှမသိမ်းသည့်ပြင် ဘယ်နေရာတွင် ဘာပစ္စည်းရှိမှန်းလည်းမသိပေ။ ဤသတင်းပတ်ကုန်တွင် ကျွန်မ၏အစားအသောက်ပစ္စည်းထားသိုရာ စတိုခန်းတွင် မြင်မကောင်းအောင် ရှုတ်ပွနေသည်ကို သတိပြုမိသဖြင့် "ကလော်ဒီယာ လာစမ်း သမီးကအမေ့စုဆောင်းရေးမှူးပဲ။ ဒီမှာသမီးသိမ်းစရာတွေရှိတယ်" ဟုအလိုအလျောက်ပြောလု မတတ်ဖြစ်သွားသည်။

သို့သော်ကျွန်မ မပြောဖြစ်ခဲ့ပါ။ ထိုသို့ပြောရမည့်အစား ဂရတ်ချန်ဆီသို့သွား၍ "ဂရတ်ချန် မေမေသည်းမခံနိုင်တော့ဘူး။ စတိုခန်းကိုတော့တို့တွေ တစ်ခုခုလုပ်မှဖြစ်မယ်။ သမီး မေမေ့ကို ကူမယ်မို့လား" ဟုမေးလိုက်သည်။

သူမက "ဟုတ်ကဲ့" ဟုပြောပြီး စတိုခန်းထဲရှိ ဘူးခွံများ၊ အိတ်များ၊ ခရားများ၊ စည်သွပ်ဘူးများ၊ အသုံးအဆောင်ပစ္စည်း စသည်တို့ကို ဆွဲထုတ်လိုက်သည်။ "သူတော့ ဒီပစ္စည်းတွေပြန်ထည့်မှာ မဟုတ်ဘူး။ ငါပဲလက်စသတ်ရလိမ့်မယ်ထင်တယ်" ဟူသောအတွေးကြောင့် ကျွန်မတုန်လှုပ်သွားမိသည်။

ဂရက်ချန်က ပစ္စည်းများထုတ်သည့်အလုပ်ကို စွဲစွဲမြဲမြဲလုပ်ရုံသာမက အခန်းထဲရှိစင်တိုင်းကို ဆေးကြောသန့်ရှင်းပြီး ပစ္စည်းများအားနေသားတကျ ထည့်သိုပြီးသည်တိုင်အောင် လက်စသိမ်းသွားကြောင်း တွေ့ရပါသည်။ ထိုမျှမကသေးပါ။ ကျွန်မ၏ကုန်ခြောက်ပစ္စည်းအိတ်ကို အံဆွဲတစ်ခုထဲတွင် သိမ်းဆည်းပေးလိုက်သဖြင့် အခန်းတွင်းတွင် အရင်ကထက်ပိုပြီး မရည်ရွယ်ဘဲ ချောင်ချောင်ချိချိဖြစ်

သွားတော့သည်။

ကျွန်မ၏ပရမ်းပတာနေတတ်သော နမော်နမဲ့နိုင်လှသော သမီးလေးက သပ်ရပ်လှပသော အလုပ်တစ်ခုကို ပြီးစီးအောင်ဆောင်ရွက်ခဲ့ပါသည်။ ထိုကိစ္စကို သင်ယုံကြည်ပါမည်လား။

၎င်းတို့၏ စကားများနှင့် သဘောထားများသည် ကလေးငယ်များအား လမ်းကြောင်းတစ်ခုပေါ်သို့ တွန်းပို့တတ်သည်ကို သတိပြုမိလာကြသောအခါ မိဘများသည် ညီအစ်ကိုမောင်နှမအရင်းချင်း ပြောစကားများနှင့် တစ်ဦးချင်းစီ၏ အကြောင်းများကို ပိုမိုသတိရှိလာကြသည်။ ဤအခန်းကို မဆွေးနွေးခင်ကပင် ကလေးတစ်ဦးက အခြားတစ်ဦးအပေါ် မှုသေမှတ်ယူတတ်ကြခြင်းကို မိဘများသတိလက်လွန်ဖြစ်ကောင်း ဖြစ်ကြပေမည်။ ယခုမူ ထိုအချက်ကို သူတို့လက်လွတ်မခံကြတော့ပေ။

ဘီလီ (Billy) (ကျွန်မ၏ရှေ့တွင် သူ၏ညီ ရွိုင်Roy အား) ရွိုင်ကိုသားမကြိုက်ဘူး။ သူက ရက်နေတယ်။ သားကတော့ လူတွေကို ဟယ်လိုလို့ နှုတ်ဆက်တယ်။

မိခင် – လူတွေကို ဟယ်လိုလို့နှုတ်ဆက်နိုင်တာကို သားသဘောကျပုံပဲ။ ရွိုင်က ဟယ်လိုလို့နှုတ်ဆက်ဖို့ ဆုံးဖြတ်ပြီးရင် နှုတ်ဆက်ပါလိမ့်မယ်။

မိဘများသည် ကလေးတစ်ဦးအပေါ် ဆန့်ကျင်ဘက်လမ်းကြောင်းမှ သုံးသပ်ခြင်းသည် ကလေးနှစ်ဦး၏ ဆက်ဆံရေးအကြားအလွန်အန္တရာယ်များကြောင်း ကလေးတစ်ဦးချင်းစီ၏ ကောင်းကွက်များနှင့် သူတို့ကိုယ်တိုင်၏ အပြုသဘောဆောင်သော သဘောထားများကို ပြန်လည်ပြုပြင် ကြိုးပမ်းကြရန် သဘောပေါက်လာကြသည်။

ကျွန်တော်၏ အငယ်ဆုံးသမီးလေး ရေချယ် (Rachel) သည် အလွန်တွယ်ကပ်နေတတ်သူကလေးဖြစ်သည်။ သူ့မိခင်နှင့်ကျွန်တော်ကွာရှင်းပြီးသည့် ယခုအချိန်တွင်ပင် ပို၍တွယ်ကပ်လာသည်။ သူ၏အစ်မများက သူ့အား“ကပ်ပါးလေး” ဟုခေါ်သဖြင့် ပို၍ဆိုးသွားစေပါသည်။

ထိုပြဿနာကို မည်သို့ဖြေရှင်းရမည်နည်းဟု ကျွန်တော်စဉ်းစားနေခဲ့သည်။ ကောလိပ်တက်စဉ်က လူမှုဆက်ဆံရေး သင်တန်းတစ်ခုတွင် ပြုလုပ်ခဲ့ရသော လေ့ကျင့်ခန်းတစ်ခုကို ရုတ်တရက် သတိရလိုက်မိသည်။ လေ့ကျင့်ခန်းမှာ ကျောင်းသားတစ်ဦးက အခြားကျောင်းသားတစ်ဦးအား သဘောကျရသည့်အကြောင်းရင်း ၃ခုစီကိုရေးခိုင်းခြင်းဖြစ်သည်။ ကျောင်းသားများက ကျွန်တော့်အပေါ်သဘောကျရသော အကြောင်းများအားရေးသားထားသည်ကို ကျွန်တော်ဖတ်ရသောအခါ အလွန့်အလွန်ပီတိဖြစ်ခဲ့မိသည်။

ထို့ကြောင့်သမီးများနှင့် ကျွန်တော်တွေ့ဆုံခွင့်ရသည့် သီတင်းပတ်အားလပ်ရက်တွင် သူတို့အားလုံးခေါင်းအုံးများယူ၍ ဧည့်ခန်းကြမ်းပြင်ပေါ်တွင် ထိုင်ကြရန်ပြောလိုက်သည်။ ယနေ့ည အထူးအစီအစဉ်တစ်ခု ပြုလုပ်ကြမည်ဖြစ်ကြောင်း ရှင်းပြလိုက်သည်။ ကျွန်တော်တို့အားလုံး တစ်ဦးကိုတစ်ဦးက သဘောကျသည့်အချက် ၃ချက်စီရွေးချယ်ရမည်ဖြစ်ပြီး ထိုအချက်များကို တစ်ဦးစီအတွက်စာရွက်တစ်ရွက်စီတွင် ကျွန်တော်က လိုက်ရေးပေးမည်ဖြစ်သည်။ ရေချယ်အကြောင်းက စမည်ဟုပြောလိုက်သည်။

အေမီ (Amy) က“ရေချယ်ကလှတယ်” ဟုပြောရာ ကျွန်တော်က “ဆိုလိုတာက ရေချယ်ရဲ့အပြုအမူတွေထဲက သမီးကြိုက်တဲ့သီးခြားအချက်ကို ပြောရမယ်” အေမီက “ရေချယ်က သမီးအခန်းထဲကိုလာတယ်။ ပြီးတော့ရယ်တယ်။ သူကြားဖူးတဲ့ ဟာသတွေကို ပြောတယ်” ရေချယ်စပြုံးလာသည်။

“နောက်တစ်ခုပြောပါဦး”

“ရေချယ်က သမီးကိုစာဖတ်ပြခိုင်းတာကို သဘောကျတယ်”

ရေချယ်နှင့်ပတ်သက်သော သဘောကျစရာအချက် ၆ချက်ကိုရေးမှတ်သည်။ ထို့နောက် အခြားသမီးများအကြောင်းကို ဆက်ရေးကြသည်။

ကျွန်တော်တို့ လေ့ကျင့်ခန်းကိုဆက်ပြီး လုပ်လေလေ ကလေးများကတစ်ဦးအကြောင်းကို တစ်ဦးပို၍စိတ်ဝင်စားလာကြလေဖြစ်သည်။

အေမီက “သမီးတို့ကိုယ်ကို သမီးတို့သဘောကျတာတွေကော ပြောလို့ရမလား” ဟုမေးသဖြင့် “သိပ်ရတာပေါ့ကွာ” ဟုပြန်ဖြေလိုက်ပြီး ပြောသမျှကို တစ်ဦးချင်းစီ၏ စာရွက်တွင်ထပ်၍ ရေးမှတ်ပေးလိုက်သည်။ နောက်တစ်ရက်တွင် ရေချယ်ကို ဘယ်သူကမျှ မစမနောက်ကြတော့ပါ။ သူတို့အတွက် မှတ်ပေးထားသော စာရွက်ကလေးများကို ခရီးဆောင်အိတ်ကလေးများထဲသို့ ကိုယ်စီထည့်လိုက်ကြကြောင်း ကျွန်တော်သတိပြုမိပါသည်။

## ကလေးများရန်ဖြစ်ကြလျှင် မည်သို့အကျိုးရှိစွာ ဖြေရှင်းမည်နည်း

“ကလေးတွေရန်ဖြစ်ကြရင် ကျွန်မတို့ဘယ်လို ဖြေရှင်းကြမလဲဆိုတာ စပြီးစစ်ဆေးကြည့်ရအောင်” ဟုပြောပြီး တစ်ယောက်က အစ်ကိုကြီးအဖြစ် တစ်ယောက်ကညီမအဖြစ် သရုပ်ဆောင်ရန် အပျော်တမ်း ပုဂ္ဂိုလ် ၂ဦးတောင်းဆိုလိုက်သည်။

“ကဲ ကျွန်မက ညီမပေါ့” အမျိုးသမီးငယ်တစ်ဦးက ပြောသည်။ “အိမ်မှာလည်း ညီမလေးတစ်ယောက်ရှိတယ်လေ။”

ကျွန်မက အစ်ကိုကြီးလုပ်မည့် သူကိုအရင်ပြောပြသည်။ “ရှင့်အသက်က ရှစ်နှစ်ရှိပြီနော်။ မိုးတွေသည်းနေတဲ့ မနက်ခင်းတစ်ခု

မှာပေါ့။ ရှင်က တစ်ခုခုလုပ်ဖို့ ဟိုဟိုသည်သည်ရှာကြည့်နေတယ်။ ရုတ်တရက်ပဲ ဘလောက်တုံးလေးတွေနဲ့ တိရစ္ဆာန်ရုပ်အစုံလေးကို သွားတွေ့လိုက်တယ်။ (ကျွန်မက သူ့ကိုဘလောက်တုံးအိမ်နဲ့ တိရစ္ဆာန်ရုပ်ကလေးတွေကို ပေးလိုက်တယ်။) ဒီကစားနည်းက ကလေးတွေအတွက်ခက်တယ်။ ဒါပေမဲ့ ရှင့်မှာစိတ်ကူးရှိတယ်။ ရှင်က တိရစ္ဆာန်ဥယျာဉ်ကလေးဆောက်တော့မယ်။ ဥပမာ မျောက်ကလေးတွေအတွက် တောအုပ်ကလေးတစ်ခု ဖျံတွေအတွက် ရေကန်လေးတစ်ခုကန် စသည်ဖြင့်ပေါ့လေ။"

အစ်ကိုကြီးအဖြစ် သရုပ်ဆောင်သောအမျိုးသားက ကြမ်းခင်းပေါ်တွင် ထိုင်ချလိုက်ပြီး အရုပ်ကလေးတွေကို တန်းစီချထားကာ ပုံစံတစ်ခုကိုထောင်နေသည်။ သူကစားနေစဉ်တွင် ညီမလုပ်သူအား ကျွန်မဘေးသို့ခေါ်လိုက်ပြီး သူမအား "ရှင်က ဒီမနက်ဘာမှလုပ်စရာမလိုသေးဘူး။ ရှင်က ဒီလိုဘလောက်တုံးတွေ၊ အရုပ်တွေနဲ့ အကြာကြီးကစားရတာကို ပျင်းတယ်ဆိုပါတော့။ ဒါပေမဲ့ အစ်ကိုကြီးက သူလုပ်တာကို သူသဘောကျနေတာလည်းဖြစ်ရော သူ့ဘေးနားထိုင်ချလိုက်ပြီး "သမီးလည်း ကစားချင်တယ်" လို့ပြောရမယ်" ဟုသင်ပေးသည်။

ကျွန်မနေရာသို့ ပြန်လာခဲ့ပြီး ဘာဖြစ်လာမလဲဟု အားလုံးကစောင့်ကြည့်နေကြသည်။

မကြာခင်မှာပင် ရန်ပွဲစပါတော့သည်။

| | | |
|---|---|---|
| ညီမ | – | သမီးလည်းကစားချင်တယ်။ |
| အစ်ကို | – | မကစားရဘူး။ ငါတိရစ္ဆာန်ဥယျာဉ်လုပ်မလို့။ ငါ့ဘာသာငါလုပ်ချင်တယ်။ |
| ညီမ | – | (မြင်းကျားရုပ်နှင့် ဘလောက်တုံး ၂ခုကို ကောက်ယူလျက်) သမီးကစားချင်ရင် စကားနိုင်တယ်။ |
| အစ်ကို | – | နင်မကစားရဘူး။ ပြန်ပေးစမ်း။ |
| ညီမ | – | ကစားမယ်။ ဒါသမီးအရုပ်တွေ။ |
| အစ်ကို | – | ငါအရင်ယူထားတာ။ |
| ညီမ | – | သမီးလိုချင်ရင် ယူလို့ရတယ်။ ဖေဖေကသမီးကိုလည်း ပေးထားတာ။ |
| အစ်ကို | – | (ညီမလက်ကို ဖမ်းဆွဲကာ လက်ချောင်းများနှင့် အတင်းဖြည်လျက်) ပေးစမ်း |
| ညီမ | – | အိုး နာတယ်။ |
| အစ်ကို | – | ပေးဖို့ပြောနေတယ်နော်။ |
| ညီမ | – | မေမေ အား သူသမီးကိုနာအောင်လုပ်နေတယ်။ လုပ်ပါဦး မေမေ အီး အီး |

ကျွန်မက မိဘများဘက်သို့လှည့်လိုက်ပြီး "ဒီလိုအချိန်မျိုးမှာ ရှင်တို့ဘာလုပ်လေ့ရှိပါသလဲ။ ကိုယ့်ကိုယ်ကို ဆင်ဆာမဖြတ်ပါနဲ့။ စိတ်ကူးထဲမှာ အရင်ဆုံးပေါ်လာတာကိုပဲပြောပါ။

"ပြေးလာပြီး ဖျန်ဖြေပေးမယ်"
"အရုပ်တွေကို ယူသွားပြီး ၂ယောက်စလုံးကိုယ့်အခန်းထဲ ကိုယ်ပြန်ပို့မယ်"
"တိရစ္ဆာန်တွေ ကိုက်နေသလိုပဲလို့ပြောမယ်"
"ကောင်းကောင်းမွန်မွန်နဲ့မျှပြီး အတူကစားဖို့ပြောမယ်"
"ပြဿနာကို စစ်ဆေးပြီးဘယ်သူအရင်စတာလဲဆိုတာ သိအောင်လုပ်မယ်"
"အကြီးကိုဦးစားပေးမယ်။ သူကအရင်ယူထားတဲ့သူဖြစ်တယ်"
"အငယ်ကိုဦးစားပေးမယ်။ အကြီးကိုတော့ တစ်ခုခုနဲ့ ကစားဖို့ပြောမယ်"
"ရန်ဖြစ်တာကြောင့် စိတ်ညစ်တယ်လို့ပြောမယ်"
"ဘယ်သူကစတာလဲဆိုတာ ကိစ္စမရှိဘူး။ ရန်ပွဲရပ်ဖို့ပဲ အရေးကြီးတယ်လို့ပြောမယ်"

"ကျွန်မတို့မှာ ရှားရှားပါးပါး အခွင့်အရေးလေးတစ်ခုရှိပါတယ်။ ရှင်တို့ပြောခဲ့တဲ့စကားကို ဟောဒီ "ဟန်ဆောင်မောင်နှမ"ကိုပဲ ထပ်ပြောကြည့်စမ်းပါ။ ဒါမှ ရှင်တို့စကားဟာ သူတို့အပေါ်ဘယ်လို သက်ရောက်မလဲဆိုတာ သိနိုင်တာပေါ့" ဟုကျွန်မက ပြောပြလိုက်သည်။

ဟန်ဆောင်မောင်နှမက တစ်မျိုးပြီးတစ်မျိုး လှီးလွှဲပြောနေသော ရန်ပွဲကို သူတို့၏စကားဖြင့်ရပ်ပစ်ရန် တစ်ဦးပြီးတစ်ဦးသွား၍ ပြောကြသည်။ တစ်ဦးပြောပြီးတိုင်း ကလေးများက တစ်မျိုးတုန့်ပြန်ကြသည်။ ကာတွန်းပုံစံတွင်မူ မည်သို့ဖြစ်သည်ကို တွေ့မြင်ကြရသည်။ (ဖေဖေ၏ချဉ်းကပ်နည်း တစ်ခုမဟုတ်တစ်ခုအသုံး ပြုပုံကို တွေ့ရပါလိမ့်မည်။)

လေ့ကျင့်ခန်းပြီးဆုံးသွားသောအခါ ကလေးများ၏ ရန်ပွဲကိုဖြေရှင်းရေးအတွက် နမူနာမဟာဗျူဟာများသည် ကလေးများအကြားအချီးအနီးဖြစ်မှုနှင့် ရန်ဘက်ဖြစ်မှုကိုသာ ဦးတည်နေကြောင်း စိတ်မသက်မသာသိရှိလိုက်ရသည်။

ထိုနောက် မိဘများဆောင်ရွက်နိုင်သည့် အခြားသောချဉ်းကပ်နည်းတစ်ခုကို သရုပ်ပြရန် ကျွန်မရေးဆွဲချမှတ်လိုက်ပါသည်။

ဦးစွာ ကျွန်မကိုယ်တိုင်ရန်ပွဲကို ဖျန်ဖြေသကဲ့သို့ စီစဉ်ထားသောအဆင့်များကို ရှင်းပြခဲ့သည်။
၁။ ကလေးများ တစ်ဦးနှင့်တစ်ဦးအပေါ်ထားရှိသော ဒေါသကို အသိအမှတ်ပြုကြောင်းမှတတင်ပါ။ အသိအမှတ်ပြုခြင်းသာလျှင် သူတို့ကို ဒေါသပြေစေနိုင်သည်။
၂။ ကလေးတစ်ဦးစီ၏ဘက်မှ အလေးထားနားထောင်ပါ။
၃။ ပြဿနာ၏ခက်ခဲမှုကိုလက်ခံပါ။
၄။ နှစ်ဦးနှစ်ဘက် သဘောတူသော အဖြေတစ်ရပ်ထုတ်နိုင်စွမ်းရှိသော သူတို့၏စွမ်းရည်ကို ယုံကြည်ကြောင်း ထုတ်ဖော်ပြောပါ။
၅။ အခန်းထဲမှ ထွက်သွားပါ။ ဤတွင် တစ်ဆင့်ချင်းစီ ဖြေရှင်းမှု ကာတွန်းဇာတ်လမ်းကိုပြပါသည်။

လေ့ကျင့်ခန်းပြီးဆုံးသောအခါ ကျွန်မဖျန်ဖြေပေးမှုအပေါ် ၎င်းတို့၏တုန့်ပြန်မှုများကို ပြောပြရန် ကလေးများအား (ကလေးအဖြစ်သရုပ်ဆောင်သူ) ကမ်းလှမ်းလိုက်ပါသည်။

အစ်ကို – ခင်ဗျားက ကျွန်တော့်ကိုလေးစားတယ်။ ယုံကြည်မှုရှိတယ်လို့ ခံစားရတယ်။ ခင်ဗျားပြောတဲ့ အဖြေဟာနှစ်ဦးနှစ်ဘက်အတွက် မျှတတာကိုလည်း သဘောကျတယ်။ ဆိုလိုတာက ကျွန်တော့်ဘက်က အလျှော့ပေးဖို့မလိုဘူး။

ညီမ – ကိုယ့်ကိုယ်ကို အရွယ်ရလာပြီ ရင့်ကျက်လာပြီလို့ခံစားရတယ်။ ရှင်အခန်းထဲက ထွက်သွားတာကောင်းတယ်။ ဒီလိုမဟုတ်ရင် ရှင့်ကိုနောက်ထပ်တစ်မျိုး ဟန်လုပ်ပြမိမလားဘဲ။ ပြီးရင်ထပ်ပြီး အော်တော့မယ်လေ။

ယခုအကြိမ်တွင် အုပ်စုကကျွန်မကို မေးခွန်းမေးရမည့် အလှည့်ဖြစ်သည်။

"ကလေးနှစ်ယောက်စလုံးက ဘယ်လိုဖြေရှင်းညှိနှိုင်းကြမလဲဆိုတာ မသိရင်ဘယ်လိုလုပ်မလဲ။ ကျွန်မကလေး ၂ယောက်ဆိုရင်တော့ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေမှာပဲ။"

"အဲဒီအခါမှာ ရှင်က အကြံပေးချက်ရိုးရိုးလေးတစ်ခု ဒါမှမဟုတ် နှစ်ခုပေါ့။ အခန်းထဲက ထွက်မသွားခင်ပြောခဲ့လို့ရတယ်။ ဥပမာ တစ်လှည့်စီကစားမလား ဒါမှမဟုတ် အတူတူကစားကြမှာလား။ သူတို့တိုင်ပင်ကြပါစေ။ အဖြေကို ရှင်သိလာမှာပေါ့။"

"ဒါပေမဲ့ သူတို့အဖြေရှာကြရင်း ထပြီးရန်ဖြစ်ကြဦးမယ်ဆိုရင်ကော ဘယ်လိုလုပ်မလဲ။"

ကျွန်မက "ဟန်ဆောင်ကလေးများအား သူတို့၏မိခင်အဖြစ်ပြောပြသည်မှာ "မေမေ တစ်ခုခုလုပ်မှဖြစ်တော့မယ်။ မင်းတို့ကြိုက်ချင်မှလည်း ကြိုက်လိမ့်မယ်။ ဘယ်သူက ဘာနဲ့စကားသင့်တယ်ဆိုတာ မေမေဆုံးဖြတ်ရလိမ့်မယ်။ ကဲ အစ်ကိုကြီး မင်းက တိရစ္ဆာန်ဥယျာဉ်ဆက်ပြီး ဆောက်ပေတော့။ ညီမလေးက မေမေနဲ့လိုက်ပြီး ကူညီပေးပေါ့။ ဒါပေမဲ့ ဒီည ညစာစားပြီးရင် တို့အားလုံးဆွေးနွေးဖို့လိုပြီ။ နောက်တစ်ခါမှာ တစ်ယောက်က ပစ္စည်းတစ်ခုနဲ့ကစားနေလို့ နောက်တစ်ယောက်က ဒီပစ္စည်းကိုပဲ လိုချင်တယ်ဆိုရင် ဘာလုပ်ရမယ်ဆိုတဲ့ စည်းကမ်းသတ်မှတ်ဖို့လိုလာပြီ။"

ကလေးများသည် ၎င်းတို့၏ကိုယ်ပိုင်သဘောထား မတိုက်ဆိုင်မှုများကို လွတ်လပ်စွာဖြေရှင်းခွင့် ရသင့်ပါသည်။ လိုအပ်ပါက လူကြီးများ၏ ဖျန်ဖြေမှုရယူခွင့်ရှိပါသည်။ ကလေးတစ်ဦးက အခြားကလေးတစ်ဦးကို လက်ဖြင့် (ကာယ)ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ မတော်မတရားပြုသည်ဆိုပါက ကျွန်မတို့ပါဝင်ရပါမည်။ မိသားစုတစ်ခုလုံးကို ထိခိုက်စေမည့် ပြဿနာမျိုးဆိုပါကလည်း ကျွန်မတို့ပါဝင်စွက်ဖက် ရပါမည်။ သူတို့ဘာသာ မဖြေရှင်းနိုင်သော ဖြေရှင်းညှိနှိုင်းမရဘဲ ပို၍ဆိုးရွားလာစေသော ပြဿနာမျိုးတွင်လည်း ကျွန်မတို့ ကြားဝင်ဖျန်ဖြေပေးရပါမည်။

သို့ရာတွင် ဤနေရာ၌ခြားနားသည်မှာ သူတို့၏ငြင်းခုန်မှုကို ငြိမ်းအေးသွားစေရန် သို့မဟုတ် အဆုံးအဖြတ်ပေးရန် ကျွန်မတို့ဖျန်ဖြေခြင်းမဟုတ်ပါ။ ပိတ်နေသော ဆက်ဆံရေးလမ်းကြောင်းကို ဖွင့်ပေးပြီး သူတို့အချင်းချင်းပြန်လည် သင့်မြတ်ကြစေရန်ဖြစ်ပါသည်။

## သတိပြုရန်

ရန်ပွဲကိုမည်သို့ဖြေရှင်းမည်နည်း။

**အဆင့် ၁။ သာမန်ရန်ဖြစ်ခြင်း**

၁။ လျစ်လျူရှုထားလိုက်ပါ။ နောက်အားလပ်ရက်အတွက်စဉ်းစားပါ။

၂။ ပြဿနာဖြေရှင်းရေးတွင် အရေးကြီးသော အတွေ့အကြုံတစ်ရပ်ကို ကလေးများရရှိသည်ဟု သင့်ကိုယ်သင်ပြောလိုက်ပါ။

**အဆင့် ၂။ အခြေအနေဆိုးလာခြင်း။ လူကြီးများ၏ဖျန်ဖြေမှုအဆင်ပြေနိုင်သည်။**

၁။ သူတို့၏ဒေါသဖြစ်မှုကို အသိအမှတ်ပြုပါ။ "သားတို့တစ်ယောက်ကို တစ်ယောက်စိတ်ဆိုးနေကြတာကိုး"

၂။ ကလေးတစ်ဦးချင်းစီ၏ အမြင်ကိုတုန့်ပြန်ပါ။ "ဆာရာ သမီးက ခွေးကလေးကိုဆက်ပြီး ချီထားချင်တာကိုး။ ဘာဖြစ်လို့လဲ

ဆိုတော့ ချေးကလေးက သမီးပိုက်ထားတာကြောင့်ပေါ့။ ကဲ ဘီလီ သားကလည်း တစ်လှည့်ချီခွင့်ရှိတယ်လို့ ဆိုလိုတာပေါ့”

၃။ ပြဿနာကို လေးလေးစားစားဖော်ပြပါ။ “ဒီကိစ္စက တကယ်ခက်တယ်။ ကလေးနှစ်ယောက်နဲ့ချေးတစ်ကောင်ပေါ့”

၄။ သူတို့ပြဿနာကို သူတို့ကိုယ်တိုင်ဖြေနိုင်စွမ်းရှိသည်ကို ယုံကြည်ကြောင်း ဖွင့်ဟပြောပြပါ။ “နှစ်ယောက်စလုံးအတွက် မျှတတဲ့အဖြေကို နှစ်ယောက်စလုံး စဉ်းစားနိုင်မယ်လို့ ယုံကြည်တယ်။ ချေးလေးအတွက်လည်း မျှတရမယ်ပေါ့”

၅။ အခန်းထဲမှထွက်သွားပါ။

## ခက်ခဲသော ပဋိပက္ခကကို ကလေးများဖြေရှင်းနိုင်ရန်ကူညီခြင်း

**၁။ သက်ဆိုင်သောအဖွဲ့ဝင်များအတွက် အစည်းအဝေးတစ်ခုခေါ်ပြီး အစည်းအဝေး၏ ရည်ရွယ်ချက်ကိုရှင်းပြပါ။**

“မိသားစုကိုစိတ်ဆင်း ရဲစေမည့် အခြေအနေတစ်ခုတော့ မိသားစုထဲမှာဖြစ်နေတယ်။ မိသားစုဝင်တိုင်း စိတ်ချမ်းသာအောင် ဘာလုပ်ရင်ကောင်းမလဲဆိုတာ ဝိုင်းပြီး အဖြေထုတ်ဖို့လိုတယ်။”

**၂။ လူတိုင်းအတွက် အခြေခံစည်းကမ်းများကိုရှင်းပြပါ။**

“ငါတို့ဒီလို အစည်းအဝေးခေါ်တာက တစ်ခုခုကြောင့် ဂျေးနီ (Janie) စိတ် အနှောင့်အယှက် ဖြစ်နေလို့ပဲ။ ကဲ ဦးဆုံး ဂျေးနီပြောတာ နားထောင်ကြည့်မယ်။ ကြားဖြတ်ပြီး မပြောရဘူး။ သူပြောပြီးရင် သားဘယ် လိုထင်သလဲဆိုတာ ငါတို့သိချင်တယ် ဘီလ်။ ဘယ်သူကမှ မင်းကိုကြားဖြတ်မပြောဘူး။”

**၃။ ကလေးတစ်ဦးချင်းစီ၏ ခံစားချက်များနှင့် ပူပန်မှုများကိုရေးချပါ။ သူတို့အားသင်မှန်ကန်စွာ သဘောပေါက်ကြောင်း သေချာစေရန် ကလေးတစ်ဦးချင်းစီကို ကျယ်ကျယ်ဖတ်ပြပါ။**

“ငါတို့အပြင်သွားရင် ဂျေးနီကြောက်တတ်တယ်။ ဘီလ်က သူ့အပေါ်ညှာတယ်လို့ပြောတယ်။ နောက်ဆုံးအကြိမ်က တီဗီကို ပိတ်ပြစ်တယ်။ ဂျေးနီကို ကူရှင်ပေါ်က တွန်းချတယ်။ ဂျေးနီလက်မောင်းနာသွားတယ်။”

“ဂျေးနီ တီဗီကြည့်တာ ကြာနေလို့ တီဗီပိတ်တယ်လို့ ဘီလ်ကပြောတယ်။ သူ့စကားကိုလည်း နားမထောင်ဘူးတဲ့။ ဂျေးနီလက်မောင်းကို စိတ်ဆိုးလို့ ဆွဲလိုက်ပေမဲ့ နာအောင်မလုပ်ပါဘူးလို့ပြောတယ်။”

**၄။ ပြန်လည်ချေပဖို့ ကလေးတစ်ဦးစီကို အချိန်ပေးပါ။**

ဂျေးနီ – ဘီလ်လုပ်တာနာသွားကြောင်း သက်သေပြဖို့ အညိုအမည်းစွဲနေတဲ့ ဒဏ်ရာရှိတယ်။ ပြီးတော့ သမီးတီဗီအစီအစဉ်က ၅မိနစ်ပဲကြာတယ်။

ဘီလ် – ဒဏ်ရာက အဟောင်းကြီးပါ။ တီဗီအစီအစဉ်ကလည်း အစပဲရှိသေးတယ်။

**၅။ ဖြစ်နိုင်ဖွယ်အဖြေများ ရနိုင်သမျှရအောင် မိသားစုဝင်တိုင်းကို ဖိတ်ခေါ်ပါ။**

ပြောသမျှ စိတ်ကူးများကိုချရေးပါ။ မဝေဖန်ပါနဲ့။ ကလေးများ အရင်ပြောပါစေ။

ဘီလ် – ကျွန်တော်က သူထက်ကြီးလို့ ဂျေးနီကျွန်တော့်စကား နားထောင်ရမယ်။

ဂျေးနီ – သမီးကိုဘာလုပ်ရမယ်လို့ ဘီလ်ကိုခိုင်းခွင့် မပြုသင့်ဘူး။ သမီးကိုလည်း နာအောင်လုပ်ခွင့် မပေးရဘူး။

မိဘ – အစောင့်ငှားမည်။

ဘီလ် – အပြင်ထွက်ခွင့်ပြုပါ။

ဂျေးနီ – သူငယ်ချင်းခေါ်ခွင့်ပြုပါ။

ဘီလ် – မေမေနှင့်ဖေဖေ အပြင်မထွက်ခင် တီဗီကြည့်ဖို့နဲ့ အိပ်ချိန်ကို အချိန်ဇယားတစ်ခုဆွဲပေးပါ။

ဂျေးနိ – လူတိုင်းဟာ သူတို့ကိုယ်တိုင်ရဲ့ အကြီးအကဲဖြစ်သင့်တယ်။ သူတို့ကိုယ်သူတို့ အုပ်ချုပ်ရမယ်။

**၆။ အားလုံးလိုက်နာနိုင်သော အဖြေများကိုမှတည်ဆုံးဖြတ်ပါ။**

အစောင့်ငှားရန်မလိုပါ။

နာအောင်မလုပ်ရ။

အကြီးအကဲမလို။

တီဗီဇယားကို မိဘများနှင့်တိုင်ပင်ရေးဆွဲရန်

လူတိုင်းကိုယ့်ကိုယ်ကိုတာဝန်ယူရန်

**၄။ နောက်ဆက်တွဲ**

"အဆင်ပြေမပြေကို ပြန်ပြီးသုံးသပ်ဖို့ နောက်တနင်္ဂနွေမှာ ပြန်ဆုံကြမယ်။"

အလွန်လက်တွေ့ကျသော အကျိုးအကြောင်းများအတွက် အချင်းချင်းဝေမျှရန် ကလေးများအား တိုက်တွန်းအားပေးသင့်ပါသည်။ ဤကမ္ဘာကြီးတွင် အဆင်ပြေစွာနေနိုင်ရေးအတွက် ကုန်ပစ္စည်းများ၊ နေရာအကျယ်အဝန်း စသည်တို့အားမည်သို့မျှဝေရမည်ကို သူတို့ကိုယ်တိုင် သိရှိရန်လိုမည်။ စိတ်ခါတ်ဆိုင်ရာမျှဝေမှုအတွက်လည်း အလားတူသိရှိထားရန်လိုသည်။ အလိုအလျောက် ပေးအပ်ခြင်းမဖြစ်ပေါ်လာသော ပီတိနှင့်စေတနာတို့ကို ကျွန်မတို့၏ သားသမီးများ တွေ့ကြုံခံစားစေချင်ကြပါသည်။ ကလေးများအား မျှဝေခိုင်းခြင်း သူတို့၏ပိုင်ဆိုင်မှုများကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်ထားလာစေတတ်ပါသည်။ အတင်းအကျပ်ဝေမျှခိုင်းခြင်းကြောင့် စေတနာကောင်းကို ယုတ်လျော့စေပါသည်။

ကျွန်မတို့၏ သားသမီးများအကြား စိတ်ကောင်းစေတနာများ မြင့်မားတိုးတက်လာစေမည့် နည်းလမ်းများကို ကျွန်မတို့ရှာဖွေနေကြပါသည်။ အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု နည်းပါးစေမည့်နည်းလမ်းများကိုလည်း အလားတူပင် ဖေါ်ထုတ်နေကြပါသည်။ "ဘယ်သူကခွဲဝေပေးရမယ်။ ဘယ်သူကထိန်းသိမ်းရမယ်။ ဘယ်အရာက အဓိပ္ပါယ်ရှိတယ်။ ဘယ်အရာက အဓိပ္ပါယ်မရှိဘူး။ ဘယ်သူကမှန်တယ်။ ဘယ်သူကမှားတယ် ဆိုတာတွေကို ဒီအိမ်မှာ အဆုံးအဖြတ်ပေးရမယ့်သူဟာ ငါပဲ" ဟူသော သဘောထားကို လက်ကိုင်ထားသော မိဘများအတွက် သားသမီးများက မိဘများအပေါ်တွင် ပို၍ပို၍မှီခိုလာကြပြီး ညီအစ်ကိုမောင်နှမ အချင်းချင်းကြားတွင်လည်းပို၍ ရန်လိုလာကြပေလိမ့်မည်။

မည်သည့်အရာက ဖိစီးမှုကိုလျော့ပါးစေသနည်း။ မည်သည့်အရာက ပို၍ဟန်ချက်ညီမျှမှုကို ဖြစ်စေသနည်းဆိုလျှင် "ဘယ်သူကဘာကို အလိုရှိသနည်း။ ဘယ်သူက ဘာကိုခံစားသနည်း။ ဘာကိုယူဆသနည်း။ လူတိုင်း၏ ထည့်သွင်းစဉ်းစားရမည့် ခံစားချက်များနှင့် လိုအပ်ချက်များကို မည်သည့်အဖြေများဖြင့် အပြန်အလှန်အကျိုးစီးပွားကိုသာ အလိုရှိကြသောကြောင့် စက်မှုစွမ်းရည်များကို အထူးတလည်စိတ်မဝင်စားကြပါ။

အဖြေအားလုံးကို ကျွန်မတို့မရကြသေးပါ။ ကျွန်မတို့တွင် ဦးတည်ချက်/ ရည်မှန်းချက်သာ ရရှိပါသေးသည်။ အခြေခံအားဖြင့် ကျွန်မတို့ဝင်ရောက်စွက်ဖက်ခြင်း မပြုကြပါ။ သို့သော် ကလေးများအချင်းချင်း အစောဆုံးအခြေအနေတွင် အဖြစ်နိုင်ဆုံးပြန်လည် သင့်မြတ်စေလိုသောအတွေးဖြင့် ကျွန်မတို့ ကလေးများကိစ္စတွင် ပါဝင်ကြရပါသည်။ သူတို့ကိုယ်တိုင် ပြဿနာကိုဖြေရှင်းနိုင်စွမ်းရှိစေသော အတွေ့အကြုံများ ရစေချင်ပါသည်။ သူတို့ကိုယ်တိုင် ပြဿနာကိုဖြေရှင်းနိုင်စွမ်းရှိစေသော အတွေ့အကြုံများရစေချင်ပါသည်။ ယင်းအချက်သည်ပင် သူတို့လျှောက်လှမ်းရမည့် ဘဝအတွက် ကျွန်မတို့ပေးနိုင်သော အကောင်းဆုံးကြိုတင်ပြင်ဆင်မှုဖြစ်ပါသည်။

## သတိပြုရန်

**တောင်းဆိုလာသောကလေးတစ်ဦးအား ဘက်လိုက်မှုမရှိဘဲ မည်သို့ပံ့ပိုးမည်နည်း။**

ဂျင်မီ – ဖေဖေ သားကျောင်းအတွက် မြေပုံမပြီးသေးဘူး။ အေမီကို ရောင်စုံခဲတံပေးခိုင်းပေးပါ။

အေမီ – မရဘူး။ သမီးပန်းပွင့်လေးကိုအရောင်ချယ်ရဦးမယ်။

**၁။ တစ်ဦးချင်းစီ၏ကိစ္စကိုဖေါ်ပြပါ။** "ဂျင်မီ သားကအိမ်လေ့ကျင့်ခန်းပြီးဖို့ ခရေယွန်လိုချင်တယ်။ အေမီ သမီးကလည်းပြီးအောင်အရောင်ခြယ်ချင်တယ်။"

**၂။ တန်ဖိုး သို့မဟုတ် စည်းမျဉ်းကိုဖေါ်ပြပါ။** "အိမ်လေ့ကျင့်ခန်းကို ဦးစားပေးရမယ်။"

**၃။ ဖြစ်နိုင်သောစေ့စပ်ညှိနှိုင်းမှုအတွက်လမ်းဖွင့်ပေးပါ။** "ဒါပေမဲ့ ဂျင်မီ မင်းညီမလေးနဲ့ ညှိချင်တယ်ဆိုရင်တော့ သားသဘောပဲ။"

**၄။ ထွက်သွားပါ။**

## မေးခွန်းများ

**မေး** – အတင်းအကျပ်ဝေမျှခိုင်းခြင်းမှရှောင်ပါ။ ဝေမျှချင်အောင် မည်သည့်နည်းဖြင့် အားပေးမည်နည်း။

**ဖြေ** – ၁။ ကလေးများကိုယ်တိုင် ဝေမျှခြင်းကိုစီစဉ်ပါ။ (ကလေးတို့ အားလုံးအတွက် ဆပ်ပြာပူဖောင်းတစ်ပုလင်း ဝယ်လာတယ်။ ဘယ်လိုခွဲသုံးကြရင် အကောင်းဆုံးဖြစ်မလဲ။)

၂။ ခွဲဝေသုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို ထုတ်ပြပါ။ (သားရဲ့ အနီရောင်ခရေယွန်တစ်ဝက် ညီမလေးကိုပေးရင် သူကလည်း သူရဲ့အပြာရောင် ခရေယွန်တစ်ဝက် ပြန်ပေးလိမ့်မယ်။

၃။ သူတို့သဘောအလျောက်ခွဲဝေရန် အချိန်ပေးပါ။ (သူဘယ်တော့မှ ခွဲပေးမယ်ဆိုတာ လူစီက သားကိုပြောလိမ့်မယ်။)

၄။ အလိုအလျောက် ခွဲဝေပေးခြင်းအတွက် ကြိုဆိုလက်ခံကြောင်းပြပါ။ (ကွတ်ကီးနည်းနည်းပေးတာ ကျေးဇူးတင်တယ်။ စားလို့သိပ်ကောင်းတာပဲ။)

၅။ သင်ကိုယ်တိုင် ခွဲဝေသုံးစွဲခြင်းဖြင့် နမူနာပြပါ။ (ကဲ သားကိုဖေဖေ့ ကွတ်ကီးနည်းနည်းပေးမယ်။)

**မေး** – လွန်ခဲ့သော တနင်္ဂနွေနေ့က ပန်းခြံသွားမည် သို့မဟုတ် ကမ်းခြေသွားမည်ဟူသော ကိစ္စအတွက် သားများအကြား အငြင်းပွားခဲ့ကြသည်။ အများဆန္ဒဖြင့် ဆုံးဖြတ်ရန် အကြံပြုသင့်ပါသလား။

**ဖြေ** – မဲပေးခြင်းသည် အထူးသဖြင့် ကလေးတစ်ဦးချင်းစိတ်အမြင်ကို ကြားရခြင်းအတွက် အစားထိုးမှုတစ်ခုဖြစ်လာပြီး စိတ်မချမ်းသာမှုကို ဖန်တီးစေတတ်ပါသည်။

"ကောင်းပြီ။ ငြင်းပြီးအချိန်ဖြုန်းမနေနဲ့တော့။ မဲနဲ့ ဆုံးဖြတ်မယ်။ ပန်းခြံလား၊ ပင်လယ်ကမ်းခြေလား။ ပင်လယ်ကမ်းခြေဘက်က ၄မဲ။ ပန်းခြံဘက်က ၁မဲ။ ပင်လယ်ကမ်းခြေဘက်က နိုင်တယ်။ ကဲ သွားကြစို့။" ရှုံးသွားသောလူနည်းစု ကလေးများကတော့ ထိုသို့သော ဒီမိုကရေစီပုံစံမျိုးကို အလိုမရှိသည်မှာ အံ့ဩစရာမဟုတ်ပါပေ။

အိမ်တွင်ဆွေးနွေး ညှိနှိုင်း၍တူညီချက်မရသော အခါများတွင် မဲဆန္ဒပေးရေးကို တိုက်တွန်းသင့်ပါသည်။ သို့ရာတွင် ရှုံးနိမ့်သူ၏ ခံစားချက်ကို ကိုယ်ချင်းစာသည့်သဘောဖြင့် "ကဲ ငါတို့ပင်လယ်ကမ်းခြေကိုသွားမယ်။ ဘာကြောင့်လဲဆိုတော့ အများစုက မဲပေးတာကိုး။ ဒါပေမဲ့ တစ်ယောက်ကတော့ စိတ်ဆင်းရဲနေတယ်ဆိုတာ အားလုံးသိစေချင်တယ်။ အင်ဒီက ဒီနေ့ပန်းခြံသွားရမယ်လို့ မျှော်လင့်ထားတာ" ဟုပြောခြင်းအားဖြင့် ရှုံးနိမ့်သူကို စိတ်သက်သာရာရစေပါသည်။

.....................................................................................

စာသင်ခန်းကိုလာသူက ကျွန်မဖြစ်ပြီး ကျွန်မ၏မှတ်စုများကိုဖတ်ကာ အိမ်တွင်ပြောင်းလဲရေးလုပ်နေသူကား ကျွန်မ၏ခင်ပွန်းပင်ဖြစ်ပါသည်။ ယမန်နေ့ နံနက်တုန်းက ကျွန်မတို့ နံနက်စာစားရန် ထိုင်ကြသောအခါ ပြတင်းပေါက်နားက ထိုင်ခုံတွင်သူထိုင်မည် ငါထိုင်မည်ဟု ဘီလီ (Billy) နှင့် ရွိုင် (Roy) တို့အငြင်းပွားခဲ့ကြသည်။ အခြေအနေက တင်းမာလာကြသဖြင့် ခင်ပွန်းက "ကဲ ကဲ ပြတင်းပေါက်နားက ကုလားထိုင်မှာ ဘယ်သူမှမထိုင်ရဘူး။ ငါပဲထိုင်ရမယ်" ဟုအော်လိုက်သည်။

ထို့နောက် ကလေးနှစ်ဦးစလုံးကို ထိုင်ခုံမှမောင်းထုတ်လိုက်ပြီး သူကိုယ်တိုင်ဝင်ထိုင်လိုက်သည်။ ဘီလီက "ဖေဖေ့ကိုမုန်းတယ်" ဟုပြန်အော်လိုက်သည်။ နံနက်စာတစ်ခုလုံး ပျက်စီးရတော့မည်။

ခင်ပွန်းသည်၏ ခေါင်းထဲတွင် တစ်စုံတစ်ခုကို သတိရလိုက်ဟန်ပေါ်သည်။ သူက "ကဲ ဘီလီ သားမျက်နှာကြီးကမှုန်လို့။ သားစိတ်ပျက်သွားတာ ဖေဖေသိပါတယ်။ ဒီမနက် ဒီခုံမှာထိုင်ရဖို့ သားအတွက်သိပ်အရေးကြီးတာကိုး" ဟုပြောလိုက်သည်။

ဘီလီက ဒေါနှင့်မောနှင့် "ဟုတ်တယ်" ဟုပြန်ပြောလိုက်သော်လည်း ဒေါသတော့အနည်းငယ် ပြေသွားပြီဖြစ်သည်။ ကျွန်မခင်ပွန်းကဆက်ပြီး "သားနဲ့ရွိုင်တို့နှစ်ယောက်စလုံးအတွက် မျှမျှတတဖြစ်မယ့်အဖြေကို အတူတူညှိလို့ရမယ်ဆိုတာ ဖေဖေလောင်းရဲတယ်"

ဘီလီက ထိုကုလားထိုင်ကို နံနက်စာစားချိန်တွင်ထိုင်ပြီး ရွိုင်ကညစာစားချိန်တွင်ထိုင်ရန် ညှိနှိုင်းအဖြေထုတ်လိုက်ကြသဖြင့် ကျွန်မတို့အံ့အားသင့်သွား ခဲ့ရပါသည်။ ကျွန်မ မသိလိုက်ခင်မှာပင် ဝန်းကျင်တစ်ခုလုံး ပြောင်းလဲခဲ့ပါပြီ။

.....................................................................................

အိမ်သို့ခရီးရှည်ကားမောင်း ပြန်ခဲ့ရခြင်းအတွက် ပျော်ရွှင်ကြည်နူးခဲ့ရသည်။ ကားထဲတင် တိတ်ဆိတ်ငြိမ်သက်နေခြင်းအတွက် ကျေးဇူးတင်လိုက်မိသည်။ တွေးစရာများက တစ်ပုံတပင်ကြီးပင်။

"စိတ်ကူးယဉ်ခြင်း" ကျွန်မတေါးခဲ့မိသည်။ ဤကမ္ဘာကြီးတွင် ကလေးမျောထိခိုက်နာကျင်စေမှုကို ခွင့်မပြုသော အချင်းချင်း၏ ဒေါသတရားကို ဆင်ခြင်းဉာဏ်ရှိစွာ လုံခြုံစွာဖွင့်ဟပြောတတ်ရန် ကလေးများကို သင်ကြားပေးသော ကလေးတစ်ဦးချင်းစိကို အခြားသူများနှင့် ဆက်စပ်ခြင်းမပြုဘဲ တစ်ဦးချင်းစီအဖြစ်တန်ဖိုးထားသော ယှဉ်ပြိုင်ခြင်းတက်ပူးပေါင်း ဆောင်ရွက်ခြင်းကိုသာ စံထားသော မည်သူကိုမျှ လမ်းကြောင်းတစ်ခုတွင် ပိတ်ဆို့မထားသော သဘောထားမကိုက်ညီမှုများဖြေရှင်းရာတွင် နေ့စဉ်အတွေ့အကြုံများနှင့် လမ်းညွှန်မှုများ ရရှိသော ညီအစ်ကိုများနှင့် မောင်နှမများမွေးဖွားကြီးပြင်းရာဖြစ်သော နေအိမ်များစုစည်းတည်ရှိနေ "အဆိုပါ ကလေးများသည် အနာဂတ်ကမ္ဘာကြီးကို ပုံသွင်းသူများဖြစ်လာရန် ကြီးပြင်းလာကြပါက အဘယ်သို့နည်း။ မည်သို့သော အနာဂတ်ဖြစ်ချိမ့်

မည်နည်း။ ယင်းသို့သော နေအိမ်များတွင် ကြီးပြင်းလာကြရသော ကလေးသူငယ်များသည် ကျွန်မတို့၏ အဖိုးတန်ကမ္ဘာကြီးကို တိုက်ခိုက်ခြင်းမပြုရဘဲ ကမ္ဘာပြဿနာများအား မည်သို့တိုက်ခိုက်ရမည်ကို နားလည်သိရှိကြပေလိမ့်မည်။ သူတို့တွင် စွမ်းရည်များရှိကြမည်ဖြစ်ပြီး ထိုကမ္ဘာ့ပြဿနာများကို ဖြေရှင်းရန်လည်း တာဝန်ခံကြပေလိမ့်မည်။

မိုးရွာစပြုလာခဲ့ပါပြီ။ ကားလေကာမှန် ဝိုက်ပါကိုဖွင့်ပြီး ရေဒီယိုသတင်းများကိုပါဖွင့်၍ နားစွင့်လိုက်သည်။ ကျွန်မတို့အုပ်စုအတွင်း ကြားရသောကိုယ်တွေ့ဖြစ်ရပ်များနှင့် မခြားနားလှသော်လည်း အရွယ်ပမာဏကားကြီးမားလှသည်။ နယ်ခြားအငြင်းပွားမှုများ၊ ယုံကြည်မှုစနစ်အပေါ် အငြင်းပွားမှုများ အင်အားသေးနိုင်ငံလေးများ အပေါ်ဖိုလ်ကျစိုးမိုးမှုများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာတရားရုံးသို့ နိုင်ငံငယ်ကလေးများထံ တိုင်တန်းတင်ပြမှုများ၊ ခါးသီးမှုနှင့် အယုံအကြည်ကင်းမဲ့မှုများကို ဒေါသနှင့် ဗုံးများဖြင့်ဖြေရှင်းမှုများ၏ ရှည်လျားပွေလိမ်လှသည့် သမိုင်းကြောင်းများ စသည်စသည် အံ့သြ၍မကုန်နိုင်အောင် ကြားခံရပါသည်။

သို့သော် ဤညအတွက် ထိုအတွေးများက ကျွန်မကို မဖမ်းစားနိုင်တော့ပြီ။ အကောင်းမြင်ဝါဒ ရေယဉ်ကြောဝယ် ကျွန်မမျောပါရတော့မည်။ ထိုသို့သော နာကြင်မှု၊ ပြိုင်ဆိုင်မှုနှင့် မတရားမှုတို့၏ ရှည်လျားသောသမိုင်းများ ကုန်ဆုံးလွန်မြောက်သွားခဲ့သော ညီရင်းအစ်ကိုမောင်ရင်းနှမများအကြား ပြန်လည်ရင်ကြားစေ့ပေါင်းစည်းရန် တိုက်တွန်းနှိုးဆော်မှုများက အင်အားကြီးများမြင့်တက်လာရပေလိမ့်မည်။ သို့ဆိုလျှင် နိုင်ငံအားလုံး၏ ညီအစ်ကိုမောင်နှမများနေထိုင်ကြသော ကမ္ဘာကြီးတစ်ခု။ အချင်းချင်း အလှမ်းကွာဝေးကာ ခွဲခြားထားစေသော ပူဆွေးသောကများကို အတူတကွဖြေရှင်းရန် ဆုံးဖြတ်ထားသော ညီအစ်ကိုမောင်နှမတစ်ဦးက အခြားတစ်ဦးကိုပေးနိုင်စွမ်းသည့် ချစ်ခြင်းမေတ္တာနှင့် ခွန်အားများကို သူတို့ကိုယ်တိုင်အတွက် ရှာဖွေကြမည်ဖြစ်သော လှပသည့်ကမ္ဘာကြီးတစ်ခုကို အဘယ်ကြောင့်စိတ်ကူးပုံဖော်ကာ ကျွန်မ မပျော်ဘဲနေနိုင်ပါမည်နည်း။

ကျွန်မရေဒီယိုကို ပိတ်လိုက်သည်။ မိုးလည်းစဲခဲ့ပြီ။
ရှတ်ချည်းပင် အရာအားလုံး လှပလာသည်ထင်ရသည်။

………………………………………………………………………